Constitutional Federalism Institute

# National Equality

## A PIVOTAL NOTION FOR NATION BUILDING IN MYANMAR

# အမျိုးသားတန်းတူရေး

## မြန်မာပြည်တွင် နိုင်ငံတည်ဆောက်ရေးအတွက် အက္ခရာကျသော သဘောတရားတစ်ခု

October 2023

Contents

**အမျိုးသားတန်းတူရေး** ........ 3

၁.၁ နိဒါန်း ........ 3

၁.၂ ဖက်ဒရယ်စနစ် နှင့် အမျိုးသားတန်းတူရေး ........ 5

၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ မူဘောင်များ နှိုင်းယှဉ်လေ့လာချက် ........ 9

၁.၃.၁ အီသီယိုးပီးယားဖွဲ့စည်းပုံအခြေခံဥပဒေ ........ 10

၁.၃.၁.၁ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းပုံနှင့် အာဏာခွဲဝေမှု ........ 10

၁.၃.၁.၂ အာဏာနှင့် အရင်းအမြစ်ခွဲဝေခြင်း ........ 12

၁.၃.၁.၃ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ခွင့် ........ 13

၁.၃.၁.၄ ဖွဲ့စည်းပုံသမိုင်းကြောင်းနှင့် လက်တွေ့စိန်ခေါ်မှုများ ........ 15

၁.၃.၂ နိုင်ဂျီးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ ........ 18

၁.၃.၂.၁ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းပုံနှင့် အာဏာခွဲဝေမှု ........ 18

၁.၃.၂.၂ အာဏာနှင့် အရင်းအမြစ်ခွဲဝေခြင်း ........ 19

၁.၃.၃.၃ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ခွင့် ........ 20

၁.၃.၂.၃ ဖွဲ့စည်းပုံသမိုင်းကြောင်းနှင့် လက်တွေ့စိန်ခေါ်မှုများ ........ 21

၁.၃.၃ အီသီယိုးပီးယားနှင့် နိုင်ဂျီးရီးယားဥပမာများမှ အနှစ်ချုပ်မှတ်သားစရာများ ........ 23

၁.၄ မြန်မာနိုင်ငံ ဖက်ဒရယ်သမိုင်းမှ အမျိုးသားတန်းတူရေးကို ရှာဖွေခြင်း ........ 24

၁.၄.၁ ပင်လုံစာချုပ်နှင့် အမျိုးသားတန်းတူရေး ........ 24

၁.၄.၂ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး စာချုပ် ........ 27

၁.၄.၂.၁ အမျိုးသားလွှတ်တော်နှင့် ဆက်စပ်သည့် ကိုယ်စားပြုမှုများ ........ 30

၁.၄.၂.၂ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ........ 32

၁.၄.၂.၃ လုပ်ပိုင်ခွင့်များအာဏာခွဲဝေခြင်းနှင့် အရင်းမြစ်ခွဲဝေခြင်း ........ 34

၁.၅ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ........ 40

၁.၅.၁ ဖက်ဒရယ်လမ်းညွှန်မှုများနှင့် ပဋိညာဉ်အစိတ်အပိုင်း (၁) ........ 41

၁.၅.၂ ပဋိညာဉ်အစိတ်အပိုင်း ၂ နှင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ................................ 44

၁.၆ အမျိုးသားတန်းတူညီမျှရေးနှင့် မြန်မာ့အခင်းအကျင်း............................................................ 48

၁.၇ နိဂုံး........................................................................................................................ 54

၁.၈ အကိုးအကား............................................................................................................... 57

**Copyrights**

**The authors, along with the organization and donor that enabled this research, reserve the right to associate their names with this document in the future. You are free to share and distribute as long as you give appropriate reference to the source (and potentially authors in the future), but you may not use it for commercial purposes or make any changes to the work.**

# အမျိုးသားတန်းတူရေး

## ၁.၁ နိဒါန်း

သမိုင်းကြောင်းအရဖြစ်စေ၊ လူမျိုးအခြေခံ၍ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအခြေခံ၍ဖြစ်စေ မတူကွဲပြားသော လူမျိုးစုများ အတူတကွ နေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန်အတွက် မည်ကဲ့သို့သော အစီအမံများ၊ အခြေခံမူများ ထားရှိအပ်သည်ဆိုသော မေးခွန်းကို ကမ္ဘာအရပ်ရပ်က နိုင်ငံများတွင် အစဉ်တစိုက် မေးခွန်းထုတ်ပြီး လေ့လာမှုများ လုပ်ဆောင်ခဲ့ကြပါသည်။ မတူကွဲပြားသော လူ့အဖွဲ့အစည်း တစ်ရပ်အနေဖြင့် တည်ငြိမ်အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ပြီး ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင် နိုင်ရန် အလို့ငှာ အတူတကွ နေထိုင်ကြမည့် လူမျိုးစုအသီးသီး၊ အစုအဖွဲ့အသီးသီးအတွက် တန်းတူ အာဏာခွဲဝေကျင့်သုံးမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားခြင်းက အရေးကြီးသော အခြေခံမူများ ဖြစ်သည်ဟု ပညာရှင်များက ဆွေးနွေးကြသည် (Lijphart, 2004)။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ကိုလိုနီခေတ်မတိုင်ခင်ကပင် ကိုယ့်ထီးကိုယ့်နန်းနှင့်သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ ဗြိတိသျှ ကိုလိုနီနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်းများစွာ ကျွန်ပြုခံရပြီးနောက် မိမိတို့၏ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် လွတ်လပ်ရေးရရန် အတူတကွ ကြိုးပမ်းခဲ့ပြီးနောက် ပြည်ထောင်စုတစ်ခုအနေဖြင့် အတူတကွနေထိုင်ကြရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့၏ အာဏာစက်အောက်တွင် မပါခဲ့သော ကရင်နီလူမျိုးစုးကပင် လွတ်လပ်သော မြန်မာနိုင်ငံတွင် ဖက်ဒရယ်ယူနစ်အဖွဲ့အဝင်ပြည်နယ်အဖြစ် ပေါင်းစုပါဝင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့သော် လူမျိုးစုတိုင်းရင်းသားများအား အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက် ပေးပြီး စည်းရုံးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းပြုပြည်ပြု နိုင်ငံ့ခေါင်းဆောင်များ လုပ်ကြံခံရပြီး ကျဆုံးခဲ့ရသည်။ ထို့နောက်ပိုင်းတွင် တက်လာသော အစိုးရအသီးသီးသည် တိုင်းရင်းသား တန်းတူရေးကို

ဖော်ဆောင်ရန် ပျက်ကွက်ခဲ့သောကြောင့် မြန်မာနိုင်ငံ၏ ဖက်ဒရယ်အိပ်မက်သည် ပျောက်ဆုံးခဲ့ရပြီး နှစ်ပေါင်းများစွာ ကြာမြင့်သော ပြည်တွင်းစစ်များသာ တောက်လောင်ခဲ့ရပါသည်။ ၁၉၆၂ ခုနှစ်အာဏာသိမ်းမှုမှစပြီး ခေတ်အဆက်ဆက် အာဏာရှင်များသည် ဖက်ဒရယ်ပြည်ထောင်စု ဟူသော စကားရပ်အား အမျိုးမျိုး ပုံဖျက်ကြပြီး ဗမာလူမျိုးကြီးဝါဒကို အသက်သွင်း အားကောင်းစေခဲ့သည်။ ဤကဲ့သို့ဖြင့်၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့တွင် မြန်မာစစ်တပ်သည် တိုင်းပြည်အာဏာကိုသိမ်းယူခဲ့ပြီး အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် ထင်ရှားကျော်ကြားသော အနုပညာရှင်များကို ဖမ်းဆီးထောင်ချခဲ့သည်။ ထို့နောက် နိုင်ငံအနှံ့ စစ်အာဏာရှင်တော်လှန်မှုများ အုံကြွပေါ်ပေါက်ခဲ့ပြီး "နွေဦးတော်လှန်ရေး"ဟု တင်စားခေါ်ဝေါ်သည့် လူကြီး၊ လူငယ်၊ တိုင်းရင်းသားလူမျိုးစုအစုံပါဝင်သော အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် နိုင်ငံနှင့်အဝန်း အားကောင်းကောင်းနှင့် ဖြစ်ပေါ်လျက်ရှိပါသည်။ နွေဦးတော်လှန်ရေး၏ အသီးအပွင့်တစ်ခုမှာ စစ်အာဏာရှင်ပြုတ်ကျရေးသာမကဘဲ မြန်မာလူ့အဖွဲ့အစည်းအတွင်း နှစ်ပေါင်းများစွာအမြစ်တွယ်နေသော နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့် ကျား-မ (ဂျဲန်ဒါ) စသည်တို့ကိုအခြေခံသည့် ခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်မှုများကိုပါ တပါတည်း တော်လှန်ပြောင်းလဲပစ်ရမည်ဆိုသော နိုင်ငံရေးရည်မှန်းချက်များပါ ပါဝင်လာခြင်းဖြစ်သည်။ နွေဦးတော်လှန်ရေး၏ ပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို ရှေးရှုပြီး တိုင်းရင်းသားလူမျိုးစုအသီးသီး၏ ဖက်ဒရယ်အရေးကြိုးပမ်းမှုများ ပြန်လည်အားကောင်းလာသည်။ ဗမာလူမျိုးများ၏ ဖက်ဒရယ်အမြင်များ နိုးကြားလာပြီး ခေတ်အဆက်ဆက် တန်းတူရည်တူပြည်ထောင်စုကို တည်ဆောက်ရန်အတွက် ပျက်ကွက်အားနည်းခဲ့မှုကို သိမြင်လာသည်။ ယခုစာတမ်းသည် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများမှ နှစ်ပေါင်းအတော်ကြာ လိုလားတောင်းတခဲ့သော အမျိုးသားတန်းတူရေးကို ဖော်ဆောင်ရာတွင် မည်ကဲ့သို့သော အခြေခံမူများနှင့် မူဝါဒစဉ်းစားချက်များအား ထည့်သွင်းစဉ်းစားသင့်သည်ကို နိုင်ငံရေးခေါင်းဆောင်များနှင့် မူဝါဒချမှတ်သူများအနေနှင့် ကိုးကားနိုင်ရန်အလို့ငှာ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ သီအိုရီချဉ်းကပ်မှုများနှင့် အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်များ၏ သဘောထားအမြင်များကို အခြေခံပြီး အကျဉ်းရုံး လေ့လာသုံးသပ် တင်ပြသွားမည် ဖြစ်ပါသည်။

## ၁.၂ ဖက်ဒရယ်စနစ် နှင့် အမျိုးသားတန်းတူရေး

ဖက်ဒရယ်စနစ်ဆိုသည်မှာ အစိုးရများအကြား နိုင်ငံရေးအာဏာခွဲဝေကျင့်သုံးခြင်းနှင့် စုံလင်ကွဲပြားသော လူမျိုးစုများ၏ နယ်မြေဒေသ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် လူမှုစီးပွားဓလေ့များကို အပြန်အလှန် လေးစားပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ပေးသော နိုင်ငံရေးစနစ်ဟု အလွယ်ဆုံးမှတ်ယူ နားလည်နိုင်ပါသည်။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံအနေဖြင့် အနည်းဆုံး အစိုးရနှစ်ဆင့်ရှိပြီး ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း အပြင် အခွန်ဘဏ္ဍာနှင့် သယံဇာတခွဲဝေသုံးစွဲခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်း လေ့ရှိပါသည်။ ဆရာကြီးဒဂုံတာရာက ဖက်ဒရယ်စနစ်ကို “ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင် (အမျိုးသားနိုင်ငံတော်) များ ညီညွတ်စည်းလုံးစွာ ကြီးငယ်မဟူ တန်းတူခြင်းအခြေခံဖြင့် ဖွဲ့စည်းထားသော စုပေါင်းနိုင်ငံတော်စနစ်ပင်ဖြစ်ပါသည်” ဟုအဓိပ္ပာယ်ဖွင့်ဆိုပါသည် (Sakhong, 2003)။ ဆရာကြီးဒဂုံတာရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာပင် “ကြီးငယ်မဟူ တန်းတူခြင်းအခြေခံ” ဟူသော အမျိုးသားတန်းတူရေး အနှစ်သာရ ပါဝင်နေပါသည်။ ဖက်ဒရယ်စနစ်သည် မတူကွဲပြားသော လူမျိုးစုများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အာမခံချက်ပေးသော နိုင်ငံရေးစနစ်တစ်ခု ဖြစ်သောကြောင့် လူနည်းစုလူမျိုးစုများအတွက်ပါ ထည့်သွင်းစဉ်းစားပေးထားသလို၊ ထိုမတူညီသော လူမျိုးစုများကို နိုင်ငံရေးအာဏာ ကိုယ်ပိုင်ကျင့်သုံးခွင့် ပေးလိုက်ခြင်းအားဖြင့် အုပ်စုအလိုက်တောင်းဆိုမှုများနှင့် အင်အားချဲ့ထွင်မှုများကြောင့် ခွဲထွက်ရေးလမ်းစဉ်နှင့် လူမျိုးစုပဋိပက္ခဆီသို့ ဦးတည်သွားနိုင်သည် ဆိုသော ဝိဝါဒ နှစ်မျိုးကွဲနေပါသေးသည် (Erk & Anderson, 2009)။ သို့သော် မြန်မာနိုင်ငံ တွင် တိုင်းရင်းသားများသည် ခွဲထွက်ရေးကို မတောင်းဆိုဘဲ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုသာ အစဉ်တစိုက် တောင်းဆိုလာခဲ့ခြင်းဖြစ်သည် (Myanmar Peace Monitor, 2018)။

အမျိုးသားတန်းတူရေး ဆိုသည်မှာ ပြည်ထောင်စုတစ်ခုတွင် စုပေါင်းနေထိုင်ကြသော မတူကွဲပြားသော လူမျိုးစုကြီးများ နှင့် လူနည်းစုလူမျိုးစုများသည် ၎င်းတို့၏ အရွယ်အစား သို့မဟုတ် သမိုင်းဆိုင်ရာ အရေးပါမှုကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ တန်းတူညီမျှ အခွင့်အလမ်းများကို ရရှိခံစားနိုင်ခြင်းဖြစ်သည်။ ထို့အပြင် နိုင်ငံရေးအာဏာ ညီတူညီမျှခွဲဝေကျင့်သုံးရုံသာမက ဘာသာစကား၊ ယဥ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာများကို ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် အပြည့်အဝရှိခြင်းသည်လည်း အမျိုးသားတန်းတူရေးကို ဖော်ဆောင်နိုင်သော စံနှုန်းများဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် Arend Lijphart က လူမျိုးစုများကို အချိုးကျကိုယ်စားပြုမှုပေးပြီး အုပ်စုအခြေပြု ဗီတိုအာဏာသုံးခြင်းကဲ့သို့သော အာဏာခွဲဝေမှု ယန္တရားများ အကောင်အထည်ဖော်ချမှတ်ခြင်းဖြင့် အမျိုးသားတန်းတူရေးကိုမြှင့်တင်နိုင်သည်ဟု ဆိုပါသည် (Lijphart, 2014)။ ဖက်ဒရယ်ယူနစ်များအကြား အရင်းအမြစ်များကို တရားမျှတစွာ ခွဲဝေသုံးစွဲနိုင်မှုကို အာမခံချက်ပေးသော ဘဏ္ဍာရေးဖက်ဒရယ်စနစ်နှင့် အရင်းအမြစ်ခွဲဝေမှု ယန္တရားများသည်လည်း ယူနစ်များအကြား လူမှုစီးပွား ဘဝကွာဟမှု ကိုလျှော့ချရန်နှင့် အမျိုးသား တန်းတူရေးကိုဖော်ဆောင်ရန် အရေးပါသော ကဏ္ဍများဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်ထဲတွင် ဘဏ္ဍာရေး ကိုယ်ပိုင်ပြဌာန်းခွင့်ကိုပါ ဖော်ညွှန်းအာမခံထားခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်

၂၀၀၅၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ ကျင်းပသော "Seminar on the Basic Principle for Future Federal Union ဟူသော နှီးနှောဖလှယ်ပွဲကြီးတွင် ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများမှ "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်မှုများ "စာတမ်းကိုတင်သွင်း၍ (၄) ရက်တိုင်တိုင် ဆွေးနွေးတိုင်ပင်ပြီးနောက်" အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့် လမ်းညွှန်အခြေခံမှု (၈) ချက်"ကို ချမှတ်ခဲ့ပြီး ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး နှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) ကိုဖွဲ့စည်းခဲ့သည် (Sakhong, 2019)။ ထို မူ (၈) ချက်ထဲတွင် တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိစေရမည် ဟုချမှတ်ထားပါသည်။ နွေဦးတော်လှန်ရေးစတင် ပေါ်ပေါက်လာပြီးနောက်ပိုင်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

ရည်မှန်းချက်များ ပြန်လည် အားကောင်းလာပြီး အမျိုးသားညီညွှတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ကို ဦးဆောင်ရေး ဆွဲခဲ့သည်။ ထို ပဋိညာဉ်ထဲတွင် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကို ပြည်ထောင်စု စံတန်ဖိုးအနေဖြင့် ထည့်သွင်းထားပြီး ဖက်ဒရယ်ယူနစ်များသည် နိုင်ငံရေးအရ တန်းတူသည်ဟု အခန်း (၄) အပိုဒ် (၂) တွင် ဖော်ပြထားပါသည်။ ထို့အပြင် အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုနှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်တို့ကို ကျင့်သုံးရာတွင် ပြည်သူလူထုနဲ့ အနီးကပ်ဆုံးအစိုးရအဆင့်ကို လုပ်ပိုင်ခွင့်ပေးသောစနစ် (Subsidiarity Priciple) ကို ကျင့်သုံးမည် ဆိုသော လမ်းညွှန်အခြေခံမှုကိုလည်း ထည့်သွင်းထားပါသည်။ အမျိုးသားတန်းတူရေး ဟု ဆိုရာတွင် လူမျိုးစုများ၏ မတူညီသော သမိုင်းကြောင်းဖြတ်သန်းမှုများ နှင့် ဓလေ့ထုံးတမ်းများကို အပြန်အလှန် လေးစားအသိအမှတ်ပြုခြင်း သည်လည်း အလွန်အရေးပါပါသည်။ မြန်မာနိုင်ငံတွင် ဗမာ လူမျိုးများသည် လူများစုဖြစ်ပြီး ခေတ်အဆက်ဆက် အာဏာရှင်တို့ လက်ချက်ကြောင့် မဟာဗမာလူမျိုးကြီးဝါဒသည် တိုင်းပြည်တွင် အမြစ်တွယ်နေသည် (Walton, 2013)။

၁၉၄၈ လွတ်လပ်ရေးရပြီးနောက်ပိုင်း အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်တို့သည် တိုင်းရင်းသားများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်ရ န်ပျက်ကွက်ခဲ့ရုံသာမက တိုင်းပြည်တွင် တပြည်ထောင်စနစ်၊ တစ်ပါတီစနစ်၊ စစ်အာဏာရှင်စနစ် နှင့် ဗဟိုချုပ်ကိုင်မှုများသာ ကြီးစိုးခဲ့သည်။ ဒါ့အပြင် စစ်အာဏာရှင်များသည် ဗမာလူမျိုးကြီးဝါဒကို အသက်သွင်းခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများအပေါ် ဖိနှိပ်မှုများပြုလုပ်ခဲ့သဖြင့် တိုင်းပြည်အတွင်း နှစ်ပေါင်းများစွာကြာမြင့်သော ပြည်တွင်းစစ်မီး တောက်လောင် ခဲ့ခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှုအပြီးတွင် ဗိုလ်နေဝင်းဦးဆောင်သော စစ်အာဏာရှင်တစ်စု သည် တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆို မှုများကို ခွဲထွက်ရေးသမားများ ဟု လိမ်ညာဝါဒဖြန့် မှိုင်းတိုက်မှုများ လုပ်ဆောင်ခဲ့ပြီး ဖက်ဒရယ် ဆိုသောဝေါဟာရကိုပါ ပိုဖျက် မေ့မှိန်စေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက် ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီး နှင့် ပြည်နယ်များတင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုများ လိုက်လံ တည်ဆောက်ခဲ့ရာ တိုင်းရင်းသား ပြည်သူများနှင့် NLD အစိုးရအကြား သဘောထားကွဲလွဲမှုများရှိခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုများ တည်ဆောက်ခြင်းထက် ဗိုလ်ချုပ်အောင်ဆန်းပေးခဲ့သော ကတိကဝတ်များ ကို ဖော်ဆောင်ပေးရန်သာ ပိုအရေးကြီးကြောင်းထောက်ပြချက်များလည်း ရှိခဲ့သည် (Frontier Myanmar, 2018)။ ကယားပြည်နယ် (ကရင်နီပြည်နယ်) တွင် ကြေးရုပ်တုအား ကန့်ကွက်ဆန္ဒပြသော လူငယ်များကိုလည်း အကြမ်းဖက် ဖမ်းဆီးခြင်းများလုပ်ဆောင်ခဲ့သည်။ မွန်ပြည်နယ်တွင် သံလွင်မြစ်ကိုဖြတ်ပြီး မော်လမြိုင်နှင့်ချောင်းဆုံကို ဆက်သွယ်ထားသည့် တံတားကို ယခင်က သံလွင်တံတား (ချောင်းဆုံ) ဟုအမည်ပေးထားရာမှ NLD အစိုးရလက်ထက် ၂၀၁၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပြောင်းလဲခဲ့ခြင်းအပေါ်မှာလည်း ဒေသခံတိုင်းရင်းသား လူမျိုးစုများက အပြင်းအထန်ကန့်ကွက်ခဲ့ကြပါသည်။ ထိုကဲ့သို့ လူမျိုးစုတိုင်းရင်းသား များ၏ သဘောဆန္ဒကို လျစ်လျူရှုပြီး ပြည်ထောင်စုအစိုးရအနေဖြင့်သမိုင်းဆိုင်ရာ ဝိသေသတစ်ခုကို တိုင်းရင်းသားလူမျိုးစုများ၏ သဘောဆန္ဒကို သွေဖယ်ပြီး အတင်းသွတ်သွင်းခြင်းသည် အမျိုးသားတန်းတူရေး မူကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။

အမျိုးသားတန်းတူရေး အကြောင်းပြောရာတွင် တိုင်းရင်းသားလူမျိုးစုများနှင့် တန်းတူ ဗမာပြည်နယ် တစ်ခုဖွဲ့စည်းသင့်သည် ဆိုသော အယူအဆများလည်းရှိပါသည်။ ယခု မြန်မာနိုင်ငံတွင်ရှိနေသော တိုင်းဒေသကြီး ၇ ခု ပြည်နယ် ၇ ဟူသော ဖွဲ့စည်းပုံနှင့်သာဆိုလျှင် ဗမာလူမျိုးများသည် လူမျိုးကြီးဖြစ်သည့်အလျောက် အမျိုးသားတန်းတူရေးကို ဖော်ဆောင်ရာတွင် မျှမျှတတဖြစ်မည် မဟုတ်ဟု တိုင်းရင်းသားခေါင်းဆောင်များက ပြောလေ့ရှိပါသည် (CNI, 2022)။ ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အနာဂါတ်တွင် ဗမာပြည်နယ်ဖွဲ့စည်းရေး ဖြစ်နိုင်ချေကို ဗမာနိုင်ငံရေးသမားအချို့ကပါ အလေးထား ပြောလာကြပါသည် (ကိုတေဇာဆန်း ၂၀၂၂ ၊ မောင်ဆောင်းခ ၂၀၂၃)။ ဗမာလူမျိုးစုကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားသော ဗမာပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကဲ့သို့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များပါ ပေါ်ပေါက်လာပြီး အမျိုးသားတန်းတူရေးအတွက် ဗမာပြည်နယ်ရှိသင့်သည် ဟူသောမူဝါဒတစ်ရပ်ကို

ကိုင်ဆွဲလာကြပါသည် (Journal of Federalism, 2022)။ ပန်ဆယ်ဗေးနီးယား တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ Donald L. Horowitz မှမြန်မာနိုင်ငံတွင် လူအများစုဖြစ်သော ဗမာလူမျိုးကြီးတစ်ခုလုံးကို ဖက်ဒရယ်ယူနစ်တစ်ခု အနေဖြင့် ဗမာပြည်နယ်ဟုသတ်မှတ်ကာ ဖွဲ့စည်းလိုက်ပြီး အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် ကိုယ်စားလှယ်အနည်းငယ်နှင့်သာဖွဲ့စည်းစေမည် ဆိုလျှင် ဗမာလူမျိုးစုကြီး၏ မကျေနပ်ချက်များ သည် ရန်လိုခြင်းဆီသို့ ပို့ဆောင်ပေးနိုင်ပြီး နိုင်ငံတော်အသစ် တည်ဆောက်ရာတွင် နိုင်ငံရေးအရ ဆိုးရွားမှုများ ဖြစ်လာနိုင်သည်ဟု သုံးသပ်ထားပါသည် (Horowitz, 2016)။ ထို့ကြောင့် အမျိုးသားတန်းတူရေးကို အမှန်တကယ်ဖော်ဆောင်နိုင်ရန်အတွက် အာမခံချက်ပေးနိုင်မည့် အခြေခံမူဝါဒများအပြင် ယခင်ရှိနှင့်ပြီးသား နိုင်ငံရေးနှင့် လူမျိုးရေး ပြဿနာများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

## ၁.၃ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ မူဘောင်များ နှိုင်းယှဉ်လေ့လာချက်

လူမျိုးစုများစုံလင်ကွဲပြားပြီး ၎င်းလူမျိုးစုများအကြား ပဋိပက္ခသမိုင်းကြောင်းရှိသော နိုင်ငံများတွင် ဖက်ဒရယ် စနစ်ကို ပဋိပက္ခချုပ်ငြိမ်းရေးအဖြေတစ်ခုအနေဖြင့် ယူဆကျင့်သုံးပြီး လူမျိုးစုများအကြား စည်းလုံးညီညွတ်မှု နှင့် တန်းတူညီမျှမှုကို ဆောင်ကျဉ်းနိုင်ရန် ဖက်ဒရယ်စနစ်ကိုထင်ဟပ်စေသည့်ဖွဲ့စည်းပုံရေးဆွဲ၍ အာဏာခွဲဝေခြင်း၊ ဘဏ္ဍာနှင့်အရင်းအမြစ်ခွဲဝေခြင်း၊ နိုင်ငံသားအခွင့်အရေးများ၊ မျိုးနွယ်စုအခွင့်အရေးများ အာမခံပေးခြင်းစသည့် ဖွဲ့စည်းပုံအစီအမံများ ရေးဆွဲကျင့်သုံးလေ့ရှိကြ ပါသည်။ ယခုစာတမ်းတွင်လည်း လူမျိုးစုများအကြား အမျိုးသားတန်းတူညီမျှရေးကို ဖွဲ့စည်းပုံအား ဖြင့် မည်သို့ရုပ်လုံးဖော်သနည်း၊ လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာတွင် အားသာချက်၊ အားနည်းချက်၊ စိန်ခေါ်မှု မည်သို့ရှိသနည်း စသည်တို့ကို သိရှိနားလည်နိုင်ရန် မြန်မာနိုင်ငံနှင့် လူမျိုးစုံလင်ကွဲပြားမှုနှင့် ပဋိပက္ခသမိုင်းကြောင်းရှိမှုတွင် အခြေခံအားဖြင့် တူညီသည့် အီသီယိုပီးယား နိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့၏ ဖက်ဒရယ်ဖွဲ့စည်းပုံများကို နှိုင်းယှဉ်လေ့လာထားပါသည်။ လူမျိုးစုများအကြား အမျိုးသားတန်းတူညီမျှရေးကို ယေဘုယျအားဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံ၏ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းပုံနှင့် ၎င်းတို့ကြား

အာဏာခွဲဝေမှု၊ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရများကြား အာဏာနှင့်အရင်းအမြစ်ခွဲဝေမှု၊ လူမျိုးစု ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လွတ်လပ်ခွင့် စသည့်အခန်းများတွင် ခြေရာကောက် တွေ့ရှိနိုင်ပါသည်။

### ၁.၃.၁ အီသီယိုးပီးယားဖွဲ့စည်းပုံအခြေခံဥပဒေ

#### ၁.၃.၁.၁ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းပုံနှင့် အာဏာခွဲဝေမှု

အီသီယိုးပီးယားဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံအုတ်မြစ်သည် အမျိုးသား ပြည်ထောင်များ (Nations)၊ အမျိုးသားများ (Nationalities)၊ နှင့် အီးသီးယိုးပီးယားပြည်သူများ (People of Ethiopia) NNPs ဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် ဖော်ပြထားပြီး ၎င်းတို့အကြား တန်းတူညီမျှမှုကိုလည်း အကြိမ်ကြိမ် ထည့်သွင်းဖော်ပြထားပါသည် (အီသီယိုးပီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၊ အပိုဒ် ၃၃၊ အပိုဒ် ၃၉)။ နိုင်ငံကိုလည်း လူမျိုးစုအခြေခံ ပြည်နယ်ကိုးခုနှင့် ဖွဲ့စည်းထားသည် (အီသီယိုးပီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၄၊ အပိုဒ် ၄၇)။ ဖွဲ့စည်းပုံမှာ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံဖြစ်၍ အုပ်ချုပ်ရေးစနစ်မှာ ပါလီမန်စနစ်ဖြစ်သည်။ နိုင်ငံတော်အစိုးရကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် အစိုးရများဟူ၍ အစိုးရနှစ်ဆင့်ဖြင့် ဖွဲ့စည်းထားပြီး အစိုးရနှစ်ဆင့်လုံးတွင် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်သီးခြားတည်ရှိကာ အာဏာများကို အစိုးရနှစ်ရပ်အကြား ခွဲဝေထားပါသည်။ ပြည်ထောင်စုအစိုးရတွင် ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော် (The House of People's Representatives)နှင့် ဖက်ဒရယ်လွှတ်တော် (The House of Federation)[1] ဟူ၍ လွှတ်တော်နှစ်ရပ် ထားရှိပြီး ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်သည် ပြည်ထောင်စုအစိုးရ၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်း ဖြစ်ပြီး ပြည်နယ်ကောင်စီ (The State Council) သည် ပြည်နယ်များ၏ အမြင့်ဆုံးအာဏာ ပိုင်အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့အား

[1] အီသီယိုးပီးယား ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်နှင့် ဖက်ဒရယ်လွှတ်တော်ကို မြန်မာနိုင်ငံရှိ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဆက်စပ်နားလည်နိုင်ပါသည်။

ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ် အများဆုံးရရှိသည့်ပါတီ၊ သို့မဟုတ် ပါတီများစုပေါင်းပြီး ဖွဲ့စည်းနိုင်ပြီး အစိုးရအဖွဲ့ကို ဦးဆောင်ရမည်ဖြစ်သည်။ ၎င်းအစိုးရအဖွဲ့သည် ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်ကို တာဝန်ခံရပြီး ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်မှ အယုံအကြည်မရှိတော့သည့်အခါတွင် ပျက်ပြယ်မည်ဖြစ်သည်။

ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်ကို ကိုယ်စားလှယ်ဦးရေအများဆုံး ၅၅၀ ဖြင့် ဖွဲ့စည်းရမည် ဖြစ်ပြီး ၎င်းတို့ကို သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ပြည်သူများမှ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ မှတစ်ဆင့် ရွေးကောက်တင်မြှောက်ရပါသည်။ ကိုယ်စားလှယ်ဦးရေ ၅၅၀ အနက်မှ အနည်းဆုံး ၂၀ ကို လူနည်းစုလူမျိုးစုများအတွက် အထူးကိုယ်စားလှယ်နေရာအဖြစ် ဥပဒေပြု သက်မှတ်ပေးရမည်ဖြစ်သည် (အခန်း ၆၊ အပိုဒ် ၅၄၊ အပိုဒ်ခွဲ ၃)။ ဖက်ဒရယ်လွှတ်တော်ကို လူမျိုးစု အသီးသီးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လူမျိုးစုတိုင်းသည် အနည်းဆုံး ကိုယ်စားလှယ်တစ်ယောက်ထားရှိခွင့်ရှိသည်။ ကိုယ်စားလှယ် အနည်းဆုံးတစ်ယောက်ထားရှိပြီးလျှင် လူမျိုးစုများ၏ လူဦးရေ တစ်သန်းစီအတွက် ကိုယ်စားလှယ်တစ်ယောက် ထပ်တိုးထားရှိခွင့်ရှိသည်။ ဖက်ဒရယ်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ် ကောင်စီမှ ရွေးချယ်ခန့်အပ်မည်ဖြစ်သည် (အခန်း ၆၊ အပိုဒ် ၆၁၊ အပိုဒ်ခွဲ ၃)။ ဤသည်ကိုကြည့်လျှင် အီးသီးယိုးပီးယားပြည်ထောင်စု၏ ပြည်ထောင်စုလွှတ်တော်နှစ်ရပ် ဖွဲ့စည်းပုံသည် လူနည်းစုလူမျိုးများ အတွက် အထူးကိုယ်စားလှယ်နေရာများ အာမခံထားရှိသော်လည်း အဓိကအားဖြင့် လူဦးရေ အခြေခံ ဖွဲ့စည်းသည်ကိုတွေ့ရသည်။ လွှတ်တော်နှစ်ရပ်အကြား အာဏာနှင့်လုပ်ငန်းစဉ်ခွဲဝေရာတွင်လည်း ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်သည် ပြည်ထောင်စုနှင့် သက်ဆိုင်သော ဥပဒေပြုခွင့်အာဏာအဝဝနှင့် ပြည်ထောင်စုအစိုးရ ဖွဲ့စည်းခွင့်အာဏာကိုရရှိထားပြီး (အခန်း ၆၊ အပိုဒ် ၅၅)၊ ဖက်ဒရယ်လွှတ်တော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်ဖွင့်ဆိုနိုင်သည့်အာဏာ၊ ဖွဲ့စည်းပုံဆိုင်ရာ အငြင်းအခုံများကို ဆုံးဖြတ်နိုင်သည့် အာဏာ၊ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရများအကြား အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်နိုင်သည့် အာဏာနှင့် လူမျိုးစု ပြည်နယ်များ ဖွံ့ဖြိုးရေး၊ ၎င်းတို့အကြား ပဋိပက္ခများပေါ်ပေါက်လာပါက ညှိနှိုင်း အဖြေရှာရေး စသည့် အာဏာနှင့်လုပ်ငန်းတာဝန်များကိုသာ အပ်နှင်းထားသည်ကို တွေ့ရသည် (အခန်း ၆၊

အပိုဒ် ၆၂)။[2] ထို့ကြောင့် လူမျိုးစုပြည်နယ်များအကြား ပြည်ထောင်စုလွှတ်တော် နှစ်ရပ်လုံးတွင် အချိုးတူကိုယ်စားလှယ်ဦးရေနှင့် တန်းတူကိုယ်စားပြုခွင့် မရပါ။

### ၁.၃.၁.၂ အာဏာနှင့် အရင်းအမြစ်ခွဲဝေခြင်း

အီသီယိုးပီးယားဖွဲ့စည်းပုံတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များကြားတွင် ဖွဲ့စည်းပုံနှင့် အတိအကျ အာဏာခွဲဝေထားပြီး ဖွဲ့စည်းပုံမှ ခွဲဝေနှင်းအပ်ထားသော အာဏာကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များမှ အပြန်အလှန်လေးစားအသိအမှတ်ပြုရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည် (အပိုဒ် ၅၀၊ အပိုဒ်ခွဲ ၈)။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၁ အရ ပြည်ထောင်စုအစိုးရအား ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေးနှင့် ငွေကြေးဆိုင်ရာ အခွင့်အာဏာများကို သီးသန့်အပ်နှင်းထားပါသည်။ ပြည်ထောင်စုအစိုးရတွင် ပြည်ထောင်စုနှင့် သက်ဆိုင်သော အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့နှင့် အခွန်ကောက်ခံခွင့်နှင့် ပြည်ထောင်စုတစ်ခုလုံးနှင့်ဆိုင်သော မူဝါဒများ ချမှတ်ရေးဆွဲရေး စသည့် အခွင့်အာဏာများကိုလည်း အပ်နှင်းထားပါသည်။ ထို့အပြင် ပြည်နယ်များကြား ကုန်သွယ်ရေးနှင့် ပြည်ပကုန်သွယ်ရေး အခွင့်အာဏာများကိုလည်း အပ်နှံထားသည် (အပိုဒ် ၅၁)။ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အစရှိသည့် နယ်ပယ်များသည် ပြည်နယ်အစိုးရများ၏ အခွင့်အာဏာအတွင်းကျရောက်ပြီး ပြည်နယ်များနှင့် သက်ဆိုင်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာအသီးသီးကိုလည်းခွဲဝေ အပ်နှင်းထားပါသည်။ ထို့အပြင်ပြည်နယ်တွင်း အခွန်ကောက်ခံခွင့်နှင့် အရင်းအမြစ်များ ထုတ်ယူသုံးစွဲခွင့်ကိုလည်း ခွင့်ပြုထားပါသည်။ ပြည်နယ်ရဲတပ်ဖွဲ့ ဖွဲ့စည်းခွင့်ရှိပြီး ပြည်နယ်တွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အာဏာများကိုလည်း ပြည်နယ်အစိုးရများထံ အပ်နှင်းထားပါသည် (အပိုဒ် ၅၂)။ ပြည်ထောင်စု

[2] Constitutional review ကို Council of Constitutional Inquiry အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၂ အရ ဖွဲ့စည်းပြီး သီးခြားရပ်တည်စေပေမယ့် ဆုံးဖြတ်ချက်ကို ဖက်ဒရယ်လွှတ်တော် ကသာ ချမှတ်နိုင်သည်။ CCI ကို Supreme Court ကို တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်၊ ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်က အဆိုပြုပြီး အသမ္မတမှ ခန့်အပ်ရသည့် တရားရေးကျွမ်းကျင်ပညာရှင် ၆ ယောက်၊ ဖက်ဒရယ်လွှတ်တော်မှ အဖွဲ့ဝင် ၃ ယောကဖြင့် ဖွဲ့ထားပါသည်။ CCI သည် အကြံပေးသာသာဖြစ်နေသည်က စိတ်ဝင်စားဖွယ်အချက်ဖြစ်ပါသည်။

အစိုးရနှင့် ပြည်နယ်အစိုးရ နှစ်ရပ်လုံးနှင့် သက်ဆိုင်သော မျှဝေအာဏာ (Concurrent Powers) များလည်း ပြဌာန်းထားပြီး အငြင်းပွားမှုများရှိလာပါက ပြည်ထောင်စုဥပဒေနှင့် တိုက်ဆိုင် ဆုံးဖြတ်ရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၉၅ တွင် ဖက်ဒရယ်အစီအမံများကို ထည့်သွင်းစဉ်းစား၍ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများကြားတွင် နိုင်ငံတော် ဘဏ္ဍာငွေကို မျှဝေသုံးစွဲရမည် ဖြစ်ကြောင်း အတိအလင်း ပြဌာန်းထားပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်ကောက်ခံခွင့် ရှိသည့်နယ်ပယ်များအဖြစ် ပြည်ပသွင်းကုန်၊ ထုတ်ကုန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရဝန်ထမ်းများ၏ ဝင်ငွေခွန်၊ ပြည်ထောင်စုအစိုးရပိုင် လုပ်ငန်းများမှ ဝင်ငွေနှင့် အမြတ်ခွန်၊ နိုင်ငံတော်ထီနှင့် အခြားလောင်းကစားခွန်၊ လေကြောင်း၊ မီးရထားနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ပြည်ထောင်စုအစိုးရမှ အခါအားလျော်စွာ ထုတ်ပေးသော လိုင်စင်ခွန် အစရှိသည့် နယ်ပယ် ကိုးခုသက်မှတ်ထားပါသည် (အပိုဒ် ၉၆)။ ပြည်နယ်များအနေဖြင့် ပြည်နယ်တွင်းဝန်ထမ်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများမှ ဝင်ငွေခွန်၊ မြေခွန်၊ လယ်ယာမြေနှင့် စိုက်ပျိုးရေးအခွန်၊ ပြည်နယ်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအခွန်၊ ပြည်နယ်အစိုးရ ပိုင် လုပ်ငန်းများမှ ဝင်ငွေနှင့်အမြတ်ခွန်၊ ပြည်နယ်အစိုးရမှ ချပေးသော လိုင်စင်ခွန်၊ သစ်တောအခွန် အစရှိသည့် နယ်ပယ် ၁၀ ခု သက်မှတ်ပေးထားပါသည် (အပိုဒ် ၉၇)။ အကြီးစားမိုင်းတွင်းများနှင့် သဘာဝဓာတ်ငွေ့များမှ အခွန်များကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရ နှစ်ရပ်ပေါင်း ကောက်ခံခွင့်ရှိပြီး၊ မသတ်မှတ်ရသေးသော နယ်ပယ်များအတွက်မူ ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်နှင့် ဖက်ဒရယ်လွှတ်တော် နှစ်ရပ်ပေါင်း ကိုယ်စားလှယ်များ၏ မဲအရေအတွက် သုံးပုံနှစ်ပုံဖြင့် သက်မှတ်နိုင်ပါသည် (ပုဒ်မ ၉၉)။

### ၁.၃.၁.၃ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ခွင့်

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၃ တွင် အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ခေါင်းစဉ်ဖြင့် အီသီယိုးပီးယားပြည်သူများ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ပြဌာန်းထားပါသည်။

ပြည်သူတစ်ဦးချင်းဆီ၏ အခြေခံအခွင့်အရေးများကိုသာမက ဒီမိုကရေစီ အခွင့်အရေးများအပိုင်းတွင် ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး စသည်တို့အပြင် အီသီးယိုးပီးယားအခြေခံဖွဲ့စည်းပုံ၏ အုတ်မြစ်ဖြစ်သော လူမျိုးစုနိုင်ငံတော်များ၊ လူမျိုးစုများ၊ အီသီယိုးပီးယားပြည်သူများ (NNPs)၏ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အတိအလင်းဖော်ပြ ထားပါသည် (အပိုဒ် ၃၉)။ NNPs တိုင်းသည် ပြည်ထောင်စုမှ ခွဲထွက်ခွင့်အပါအဝင် မည်သည့်အခြေအနေအပေါ်မှ မူတည်မထားသော ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိသည် (အပိုဒ် ၃၉၊ ပုဒ်မ ၁)။ NNPs တိုင်းသည် မိမိ ရိုးရာဓလေ့ထုံထမ်း၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းကြောင်းကို ဖော်ထုတ်ခွင့်၊ ထိန်းသိမ်းခွင့်၊ မြှင့်တင်ခွင့်ရှိသည်။ NNPs တိုင်းသည် သက်ဆိုင်ရာ ပြည်နယ်အတွင်း လွတ်လပ်စွာအစိုးရဖွဲ့စည်းခွင့်ရှိပြီး မျှတသောကိုယ်စားပြုမှုဖြင့် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့များတွင် ပါဝင်ခွင့်ရှိသည်။ သက်ဆိုင်ရာ NNPs ၏ တရားဥပဒေပြုရေး ကောင်စီမှ အဖွဲ့ဝင် သုံးပုံနှစ်ပုံမှ အတည်ပြု၍၊ ပြည်ထောင်စုအစိုးရမှ ဆန္ဒခံယူပွဲကျင်းပပေးပြီးလျှင် အများစုမဲဖြင့် ပြည်ထောင်စုမှ ခွဲထွက်ပိုင်ခွင့်ရှိသည် (ပုဒ်မ ၄)။

အီသီယိုးပီးယားလူမျိုးစုတိုင်း၏ ဘာသာစကားတိုင်းသည် ညီမျှသော နိုင်ငံတော် အသိအမှတ်ပြုမှုရှိကြောင်း ဖွဲ့စည်းပုံမှ အာမခံပေးထားပါသည် (အပိုဒ် ၅)။ အမ်ဟားရစ် (Amharic) သည် ပြည်ထောင်စုအစိုးရ၏ ရုံးသုံး ဘာသာစကားဖြစ်ပြီး ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာ ဘာသာစကားကို မိမိပြည်နယ်၏ ရုံးသုံးဘာသာ စကား အဖြစ် သက်မှတ်နိုင်ပါသည်။

အခြေခံဖွဲ့စည်းပုံ အပိုဒ် ၁၁ တွင် နိုင်ငံတော်နှင့် ဘာသာရေးကို ခွဲခြားထားပြီး မည်သည့် ဘာသာ ကိုမှ နိုင်ငံတော်ဘာသာအဖြစ် သက်မှတ်ထားခြင်းမရှိပါ။ နိုင်ငံတော်သည် ဘာသာရေး ကိစ္စများတွင် ပါဝင် ပက်သက်ခြင်း မရှိရဘဲ၊ ဘာသာရေးကိစ္စများသည် နိုင်ငံရေးကိစ္စများနှင့် မရောထွေးရေးကို ဖွဲ့စည်းပုံအရ တားမြစ်ထားပါသည်။

### ၁.၃.၁.၄ ဖွဲ့စည်းပုံသမိုင်းကြောင်းနှင့် လက်တွေ့စိန်ခေါ်မှုများ

အီးသီယိုးပီးယားဖွဲ့စည်းပုံသည် ပြည်တွင်းနှင့်နိုင်ငံတကာ ပညာရှင်များသာမက မူဝါဒရေးဆွဲသူများကပါ လူမျိုးစုဖက်ဒရယ်စနစ် ဖြစ်သည်ဟု ယူဆလက်ခံထားသော ဖွဲ့စည်း ပုံတစ်ရပ်ဖြစ်သည်။ ၎င်းကို အရေအတွက် ၈၀ ကျော်ရှိသည့် လူမျိုးစုကွဲများနှင့် ညီညွတ်သော ပြည်ထောင်စုတစ်ခု ထူထောင်နိုင်ရန် ၁၉၉၅ တွင် ရေးဆွဲကျင့်သုံးခဲ့ခြင်းဖြစ်သည်။ အီသီယိုးပီးယား၏ ဖက်ဒရယ်အတွေ့အကြုံသည် အီတလီကိုလိုနီ လက်အောက်မှ လွတ်မြောက် လာသော အီရီတီးယား (Eritrea) ပြည်နယ်နှင့်အတူ ၁၉၅၀ နှစ်များတွင် စတင်ခဲ့ခြင်းဖြစ်သည်။ တစ်ပြည်ထောင်စနစ်အဖြစ်သို့ ပြန်ပြောင်းမသွားမီ ၁၉၅၂ မှ ၁၉၆၂ အထိ အီသီးယိုးပီးယား နိုင်ငံသည် ဖက်ဒရယ်နိုင်ငံဖြစ်ခဲ့သည် (Negash, 1997)။ ဖက်ဒရယ်စနစ် ဖျက်သိမ်း ခံလိုက်ရသောကြောင့် အီရီတီယား လွတ်မြောက်ရေးစစ်ပွဲ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတွင်းရှိ တီဂရေး (Tigray)၊ အိုရိုမို (Oromo)၊ ဆိုမာလီ (Somali) အစရှိသည့် လူမျိုးစုလွတ်မြောက်ရေး လှုပ်ရှားမှုများကိုလည်း လှုံ့ဆော်ပေးခဲ့ပါသည်။ ၎င်းနောက်မှာတော့ အီသီယိုးပီးယားဘုရင် အနေဖြင့် ပြည်နယ်များ၏ အာဏာရှိမှုကို အသိအမှတ်ပြုသော ဖက်ဒရယ်သရုပ်သကန်ရှိသည့် အုပ်ချုပ်မှုပုံစံကို ပြောင်းလဲခဲ့ပါသည် (Ayele, 2011)။ ထို့ကြောင့် ၁၉၉၅ တွင် နိုင်ငံ၏ လူမျိုးစုစုံလင်ကွဲပြားမှုကို လေးစားအသိအမှတ်ပြုနိုင်မည့် ဖက်ဒရယ်ဖွဲ့စည်းပုံ ရေးဆွဲခြင်းသည် ကောင်းမွန်မှန်ကန်သည့် လမ်းကြောင်းဖြစ်ခဲ့ပါသည်။

အီးသီယိုးပီးယား၏ ၁၉၉၅ ဖက်ဒရယ်ပုံစံသည် တော်လှန်ပြင်းထန်ပြီး (radical) တီထွင်ဆန်းသစ်သည် (pioneering) ဟု နိုင်ငံရေးသိပ္ပံပညာရှင် ဒေးဗစ် တာတန် ကဆိုပါသည် (Turton, 2006)။ လူမျိုးစုများသည် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည် ဆိုသည့် မူဝါဒကို အခြေခံပြီး နိုင်ငံကို လုံးဝအသစ်ပြန်လည်ဖွဲ့စည်း လိုက်သောကြောင့် တော်လှန်ပြင်းထန်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ ရေးဆွဲရာတွင် လူမျိုးစုကို အခြေခံ အုတ်မြစ်အဖြစ် သတ်မှတ်ပုံသည် အာဖရိကတိုက်တွင်သာမက အခြားကမ္ဘာ့နိုင်ငံများအကြား၌ပင် တီထွင် ဆန်းသစ်မှုတစ်ခုဟု ဆိုပါသည်။ လက်တွေ့ကျင့်သုံးရာတွင် အီးသီယိုပီးယားဖွဲ့စည်းပုံသည် ဗဟိုချုပ်ကိုင်မှု ကြီးမားပြီး ဖွဲ့စည်းပုံ၏ အခြေခံအုတ်မြစ်သည် ပြည်သူတစ်ဦးချင်းစီမဟုတ်ဘဲ၊ လူမျိုးစုများကို အခြေတည်

ထားခြင်း ဖြစ်သောကြောင့် ဒီမိုကရေစီ စနစ်မဟုတ်ဘဲ လူမျိုးစုအခြေပြုအုပ်ချုပ်ရေးစနစ် (ethnocracy) ဖြစ်နေသည်ဟု ဝေဖန်မှုများလည်း ရှိပါသည် (Gebeye, 2023)။

ပြည်နယ်အစိုးရများကို အထိုက်အလျောက် အာဏာခွဲဝေထားမှုရှိသော်လည်း အရေးကြီးသည့် အစိုးရလုပ်ငန်း ဆောင်တာများနှင့် မူဝါဒရေးဆွဲခွင့်များသည် ပြည်ထောင်စုအစိုးရ လက်ထဲတွင်သာ ရှိနေပါသည်။ ဖွဲ့စည်းပုံတွင် အတိအလင်းပြဌာန်းထားသည့် ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေး၊ ငွေကြေးနှင့် စီးပွား ကူးသန်းရောင်းဝယ်ရေး အစရှိသည့် ကျယ်ပြန့်လှသော အာဏာနယ်ပယ် ၂၁ ခုသာမက ပြည်ထောင်စု တစ်ခုလုံးနှင့်ဆိုင်သည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေးတို့နှင့် ပက်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရေးအာဏာသည် ပြည်ထောင်စုအစိုးရ လက်ထဲတွင်သာရှိ၍ ပြည်နယ်များ၏ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျုံ့စေပါသည်။ ဖွဲ့စည်းပုံတွင် လူမျိုးစုပြည်နယ်များ၏ ခွဲထွက်ခွင့် အပါအဝင် ကိုယ်ပိုင်ပြဌာန်းခွင့်များကို ပြဌာန်းပေးထားသော်လည်း အသေးစိပ်လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရကို အာဏာအများအပြားအပ်နှင်းထား၍ လူမျိုစုနှင့်ဘာသာစကားသာမက၊ ရာသီဥတု၊ လူမှုစီးပွားရေးအခြေခံ၊ ယဉ်ကျေးမှု၊ မြေမျက်နှာသွင်ပြင်နှင့် ကုန်ထုတ်လုပ်မှုပုံစံများ စုံလင်ကွဲပြားလွန်းသည့် အီသီးယိုးပီးယား၏ မတူညီသည့် မူဝါဒလုပ်ငန်းစဉ်များလိုအပ်ချက်အပေါ် အတားအဆီး ဖြစ်စေပါသည် (Gebeye, 2023)။ ထို့အပြင် အခြားဖက်ဒရယ်ပြည်ထောင်စုများနှင့်မတူဘဲ လွှတ်တော်နှစ်ရပ်ရှိသည့်အနက် ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်တစ်ရပ်ထဲကို ဥပဒေပြုခွင့် အဝဝ အပ်နှင်းထားပါသည်။ ဤသည်က ပြည်နယ်များ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည့် ဖက်ဒရယ် လွှတ်တော်ကို အားနည်းစေပါသည်။ ဖက်ဒရယ်လွှတ်တော်၏ အာဏာသည် ဖွဲ့စည်းပုံကို အနက်ဖွင့်ရန်အတွက်သာ ဖြစ်သည့်အပြင် ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်တွင် လူနည်းစုလူမျိုးစုများ ကိုယ်စားပြု ပါဝင်သော်လည်း ကိုယ်စားလှယ်နေရာ ၅၅၀ ရှိသည့်အနက်မှ ၂၀ (၃.၆ ရာခိုင်နှုန်း)သာ ကိုယ်စားပြုနိုင်သဖြင့် ဥပဒေပြုရေးတွင် ထိထိရောက်ရောက် မပါဝင်ရပါ။ ထို့ကြောင့် ပြည်နယ်များ၏ အချုပ်အခြာအာဏာကို လျော့ကျစေပါသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်အခအများအပြားရမည့် နယ်ပယ်များကို သီးခြားအခွန်

ကောက်ခံခွင့်ရှိပြီး တိုင်းပြည်၏ ဘဏ္ဍာခွန်အများစုကို ထိန်းချုပ်ထားနိုင်သည်ကလည်း ပြည်နယ်များ၏ ဘဏ္ဍာငွေလွှတ်လပ်ခွင့်ကို အကန့်အသတ်ဖြစ်စေပါသည်။

အီသီယိုးပီးယားပြည်ထောင်စု၏ ပြည်ထောင်စုအစိုးဖွဲ့စည်းပုံ၊ ရွေးကောက်ပွဲစနစ် စသည်တို့ကြောင့်လည်း ပြည်သူမှ အုပ်ချုပ်သည့်စနစ် ဒီမိုကရေစီထက် လူမျိုးစု (လူများစုလူမျိုးစု) များအုပ်ချုပ်သည့် လူမျိုးစုအခြေပြု အုပ်ချုပ်ရေး စနစ် (Ethnocracy) ပုံစံပိုဆောင်နေပါသည်။ ဖွဲ့စည်းပုံအရ ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်သည် တစ်ခုတည်းသော ဥပဒေပြုလွှတ်တော် ဖြစ်၍ ပြည်ထောင်စုအစိုးရ၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုလည်း ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်ကပင် ရွေးကောက်တင်မြှောက်၍ အစိုးရအဖွဲ့ကို ဦးဆောင်ပါသည်။ အီးသီးယိုးပီးယားတွင် အမ်ဟာရာ (Amhara) နှင့် အိုရိုမို (Oromo) မျိုးနွယ်စုနှစ်ခုပေါင်းသည် ၂၀၀၇ သန်ခေါင်းစာရင်းအရ လူဦးရေ၏ ၆၄ ရာခိုင်နှုန်းကျော်ရှိပါသည် (၂၀၀၇ အီသီယိုးပီးယား လူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်း)။ ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်နေရာအများစုကို ထိုမျိုးနွယ်စုနှစ်ခုက လွှမ်းမိုးထားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် အစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်း လွှမ်းမိုးချုပ်ကိုင်ထားနိုင်ပြီး ကျန်လူနည်းစု လူမျိုးများကို ဘေးရောက်သွားစေပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံစတင်ကျင့်သုံးပြီး နှစ်ပေါင်း သုံးဆယ်နီးပါး ရှိသည့်တိုင် မျှော်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းရေး၊ လူမျိုးစုများ တန်းတူညီမျှရေး၊ ပြည်တွင်းစစ် ချုပ်ငြိမ်းရေး အစရှိသည် ပြဿနာများကို အပြည့်အဝ မဖြေရှင်းနိုင်သေးပါ။ ဥပဒေမှ အာမခံပေးထားသည့်တိုင် လက်တွေ့ လူမှုစီးပွားရေးဘဝများတွင် လူမျိုးရေးခွဲခြားမှုနှင့် လူမျိုးစု ပဋိပက္ခကြီးမားလှသည့် အီသီယိုးပီးယားနိုင်ငံသည် လက်တွေ့တွင် ဖွဲ့စည်းပုံဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပြီး ဖွဲ့စည်းပုံ၏ လူမျိုးစုများ စည်လုံး ညီညွတ်မှု၊ တန်းတူညီမျှမှုနှင့် အမျိုးသာရေး တန်တူညီမျှမှု အစရှိသည့် အခြေခံလမ်းညွှန်မူဝါဒများကို လက်တွေ့လုပ်ငန်းစဉ်များတွင် ထင်ဟပ်အောင် မည်သို့ အနက်ဖွင့်အကောင်အထည်ဖော်မည်နည်း ဆိုသည့် မေးခွန်းရှိနေဆဲ ဖြစ်ပါသည် (Gebeye, 2023)။

## ၁.၃.၂ နိုင်ဂျီးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေ

### ၁.၃.၂.၁ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းပုံနှင့် အာဏာခွဲဝေမှု

နိုင်ဂျီးရီးယားနိုင်ငံ၏ တည်ဆဲဖွဲ့စည်းပုံဖြစ်သည့် ၁၉၉၉ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စတုတ္ထမြောက် နိုင်ဂျီးရီးယားဖက်ဒရယ်ပြည်ထောင်စုကို အုပ်ချုပ်သည့် ဖွဲ့စည်းပုံဖြစ်ပါသည်။ ၎င်းမှာ လူမျိုးစုများပြား စုံလင်ပြီး ပြင်းထန်ရှည်လျားလှသော လူမျိုးရေး-ဘာသာရေး ပဋိပက္ခသမိုင်းကြောင်းရှိသည့် နိုင်ဂျီးရီးယားနိုင်ငံ၏ လူမျိုးစုများအကြား နိုင်ငံရေးနှင့် လူမှုစီးပွားရေးမညီမျှမှုများကို ဖြေရှင်းနိုင်ရန် ဒီဇိုင်းဆွဲထားသည့် ဖက်ဒရယ်ဒီမိုကရက်တစ် ဖွဲ့စည်းပုံဖြစ်သည်။ နိုင်ငံကို လူမျိုးစုအခြေပြုပြည်နယ် ၃၆ ခုဖြင့်ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံတွင် အစိုးရအလွှာ သုံးခု သက်မှတ်ထားပါသည်။ ၎င်းတို့မှာ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရတို့ဖြစ်သည်။ ပြည်ထောင်စုအစိုးရသည် နိုင်ငံ၏ အမြင့်ဆုံးအဆင့် အစိုးရအဖွဲ့အစည်းဖြစ်ပြီး တစ်နိုင်ငံလုံးနှင့်ဆိုင်သော ကာကွယ်ရေး၊ ပြည်ပဆက်ဆံရေး၊ ငွေကြေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒချမှတ်ရေး စသည့် ကိစ္စရပ်များအတွက်တာဝန်ရှိပါသည်။ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ပြည်သူများမှ တိုက်ရိုက်ရွေးကောက် တင်မြှောက်သည့် သမ္မတမှ ဦးဆောင်ပါသည် (အခန်း ၁၊ အပိုဒ် ၅)။ ပြည်ထောင်စုလွှတ်တော်ကို ဆီးနိတ် (Senate) နှင့် ပြည်သူ့လွှတ်တော် (House of Representatives) လွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းပြီး ဥပဒေပြုရေးအတွက်တာဝန်ရှိပါသည် (အခန်း ၁၊ အပိုဒ် ၄)။ အမျိုးသားလွှတ်တော်ကို ပြည်နယ်တစ်ခု ချင်းဆီမှ ကိုယ်စားလှယ် ၃ ဦးအချိုးကျစေလွှတ်ခွင့်ရှိပြီး ဖက်ဒရယ်မြို့တော် အဘူဂျာမှ ၁ဦး စေလွှတ်ရမည် ဖြစ်သည် (အခန်း ၅၊ အပိုဒ် ၄၈)။ ပြည်သူ့လွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ ၃၆၀ ဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့မှာ လူဦးရေအချိုးအစားမကွာလှသော မဲဆန္ဒနယ်မြေ များကို ကိုယ်စားပြုရမည်ဖြစ်သည် (အခန်း ၅၊ အပိုဒ် ၄၉)။ ဖွဲ့စည်းပုံတွင် လွှတ်တော် တစ်ခုချင်းစီကို အာဏာ အပ်နှင်းထားခြင်းမရှိဘဲ ပြည်ထောင်စု လွှတ်တော်ကိုသာ ဥပဒေပြုရေးအာဏာကုန် အပ်နှင်းထားပါသည်။

ပြည်နယ်တိုင်းတွင်လည်း ပြည်နယ်အစိုးရရှိပြီး သက်ဆိုင်ရာပြည်သူများမှ တိုက်ရိုက်ရွေးကောက် တင်မြှောက် သည့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကို ဦးဆောင်၍ ပြည်နယ် လွှတ်တော်က ပြည်နယ်နှင့်ဆိုင်သော တရားဥပဒေရေးဆွဲရေးအတွက် တာဝန်ရှိပါသည်။ ထို့အပြင် နိုင်ဂျီးရီးယားနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေးဧရိယာ ရာချီရှိပြီး ဒေသန္တရ အုပ်ချုပ်ရေးကောင်စီမှ ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အာဏာများရှိပါသည် (အခန်း ၁၊ အပိုဒ် ၇)။

### ၁.၃.၂.၂ အာဏာနှင့် အရင်းအမြစ်ခွဲဝေခြင်း

နိုင်ဂျီးရီးယားဖွဲ့စည်းပုံတွင် အစိုးရအလွှာသုံးခုကြား အာဏာခွဲဝေပုံကို ဖွဲ့စည်းပုံအရ အသေအချာ သက်မှတ်ပေးထားပါသည်။ ဖွဲ့စည်းပုံ အခန်း ၁၊ အပိုင်း ၂ တွင် နိုင်ဂျီရီးယားဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံတော် အာဏာများ ခေါင်းစဉ်ဖြင့် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရတို့၏ အသီးသီး အာဏာများကို ပြဌာန်းသတ်မှတ် ပေးထားပါသည်။

အရင်းအမြစ်များခွဲဝေခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံ အခန်း ၆ တွင် ပြည်သူ့ဘဏ္ဍာ ခေါင်းစဉ်ဖြင့် ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရအဆင့် တို့အကြား ဘဏ္ဍာနှင့် အရင်းအမြစ်ခွဲဝေရမည့်ပုံစံကို စနစ်တကျ သတ်မှတ်ပေးထားပါသည်။ "ပြည်ထောင်စု ဘဏ္ဍာငွေအကောင့်" ထားရှိရမည်ဖြစ်ပြီး နိုင်ငံ၏ ဝင်ငွေမှန်သမျှ ကို ထည့်သွင်းရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စု သမ္မတက "ဘဏ္ဍာငွေခွဲဝေဖြန့်ဖြူး ရေးကော်မရှင်" (Revenue Mobilization Allocation and Fiscal Commission) ၏ အကြံပြုချက်ကို ရယူပြီး ပြည်ထောင်စုလွှတ်တော်တွင် ဘဏ္ဍာငွေခွဲဝေရေး အဆိုများ လာရောက်ဆွေးနွေးရမည် ဖြစ်သည်။ ထိုမှတစ်ဆင့် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်များနှင့် ဒေသန္တရ အစိုးရများသို့ ဥပဒေပြဌာန်းချက် နှင့်အညီခွဲဝေပေးရမည်ဖြစ်သည် (အပိုဒ် ၁၆၂၊ ၁၆၃)။ ပြည်နယ်များတွင် "ပြည်နယ်နှင့်ဒေသန္တရ ပူးတွဲအကောင့်" ထားရှိရမည် ဖြစ်ပြီး ပြည်ထောင်စုအကောင့်မှ ရရှိလာသော ဘဏ္ဍာများကို ပြည်နယ်တွင်းရှိ ဒေသန္တရ အစိုးရကောင်စီများသို့ ခွဲဝေဖြန့်ဖြူးပေးရမည်ဖြစ်သည်။ ဒေသန္တရအစိုးရကောင်စီများသို့ ပြည်ထောင်စုမှ တိုက်ရိုက် ဘဏ္ဍာငွေဖြန့်ဖြူးခြင်းကိုလည်း သတ်မှတ်ပြဌာန်းပေးထားပြီး ပြည်နယ်အဆင့်မှ

ဝင်မဟန့်တားဖို့ကိုလည်း ဖွဲ့စည်းပုံမှ ကာကွယ်ပေးထားပါသည်။ ပြည်နယ်များတွင်လည်း အခွန်ငွေကောက်ခံခွင့်နှင့် ပြည်သူ့ဘဏ္ဍာများကို ထိန်းချုပ်သုံးစွဲခွင့် သက်မှတ်ပြဌာန်းးထားပါသည် (အပိုဒ် ၁၂၀)။ ထို့ကြောင့် ပြည်နယ်နှင့် ဒေသန္တရအစိုးရများအနေဖြင့် အထိုက်အလျှောက် ဘဏ္ဍာငွေလွတ်လပ်ခွင့်ရှိပါသည်။

## ၁.၃.၃.၃ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လွတ်လပ်ခွင့်

နိုင်ဂျီးရီးယားနိုင်ငံသည် လူဦးရေ သန်းနှစ်ရာကျော်ဖြင့် အာဖရိက၏ အကြီးဆုံးနိုင်ငံဖြစ်ပြီး ယေဘုယျလက်ခံထားချက်အရ လူမျိုးပေါင်း ၄၀၀ ဝန်းကျင် စုပေါင်းနေထိုင်သောနိုင်ငံဖြစ်သည်။ လူမျိုးစုများ၏ နိုင်ငံရေးအရ အမျိုးသားတန်းတူညီမျှမှုနှင့် သက်ဆိုင်သော ညွှန်းဆိုချက်များကို ဖွဲ့စည်းပုံအခန်း ၂၊ အခြေခံမူများနှင့် နိုင်ငံတော်၏ လမ်းညွှန်မူဝါဒများအခန်းတွင် အများဆုံး တွေ့နိုင်ပါသည်။ နိုင်ဂျီးရီးယားဖက်ဒရယ်ပြည်ထောင်စုသည် ဒီမိုကရေစီနှင့် လူမှုတရားမျှတမှုစံ နှုန်းများအပေါ် အခြေတည်ထားသည်ဟု ဆိုထားပါသည်။ ပြည်ထောင်စုအစိုးရနှင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်တာများ အကောင်အထည် ဖော်ရာတွင်လည်းကောင်း ဖက်ဒရယ်သရုပ်သကန်နှင့် မူဝါဒများကို အခြေခံရမည်ဟု ပြဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားညီညွတ်မှုနှင့် ပြည်ထောင်စုအပေါ် သစ္စာစောင့်သိမှုတို့ကို မြှင့်တင်ရမည်ဖြစ်ပြီး ထိုသို့မြှင့်တင်နိုင်ရန် ပြည်ထောင်စုအစိုးရနှင့် အစိုးရအဖွဲ့အစည်းများတွင် ပြည်နယ်အချို့ လူမျိုးစုအချို့ အစုအဖွဲ့အချို့သက်သက်မှ လူပုဂ္ဂိုလ်များ လွှမ်းမိုးချုပ်ကိုင်ထားခြင်းမရှိစေရဟု ပြဌာန်းထားပါသည်။ ပြည်နယ်နှင့် ဒေသန္တရအစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်တာများ အကောင်အထည် ဖော်ရာတွင်လည်း သက်ဆိုင်ရာပြည်နယ်အတွင်း လူမျိုးစုများ စုံလင်ကွဲပြားမှုကို ထင်ဟပ်စေမည့် အစီအမံမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပြီး အမျိုးသားရေးတန်းတူညီမျှမှု၊ ညီညွတ်မှုနှင့် ပြည်ထောင်စုအပေါ် သစ္စာစောင့်သိမှုတို့ကို ကာကွယ်မြှင့်တင်ပေးရမည်ဟု သက်မှတ်ပြဌာန်းထားပါသည် (အပိုဒ် ၁၄)။ နိုင်ဂျီးရီးယားပြည်ထောင်စု၏ နိုင်ငံတော်ဆောင်ပုဒ်မှာ စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးဖြစ်သည်။ သို့ဖြစ်ပါ၍ လူမျိုးစုများ အားလုံးပါဝင်ရေး (national



အမျိုးသားတန်းတူရေး

integration) ကိုအားပေးရမည်ဖြစ်ပြီး ဇာတိ၊ လိင်၊ ဘာသာရေး၊ လူမှုအဆင့်အတန်း၊ လူမျိုးရေးနှင့် ဘာသာစကား စသည်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းကို ဖွဲ့စည်းပုံအရ တားမြစ်ထား ပါသည်။ လူမျိုးစုများ အားလုံးပါဝင်ရေးကို မြှင့်တင်နိုင်ရန် အောက်ပါလုပ်ငန်းစဉ်များကို နိုင်ငံတော်တာဝန်များအဖြစ် ဖွဲ့စည်းပုံမှ ပြဋ္ဌာန်းထားပါသည်။

(က) အားလုံးအတွက် လုံလောက်သော အထောက်အပံ့များ ထားရှိပြီး ပြည်ထောင်စုအတွင်း ပြည်သူများ၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာ ရွေ့လျားစီးဆင်းမှုကို အားပေးရမည်။

(ခ) ပြည်သူတိုင်းအတွက် ပြည်ထောင်စု၏ မည့်သည့်နေရာတွင်မဆို အခြေချနေထိုင်ခွင့်ကို အာမခံရမည်။

(ဂ) မတူညီသည့် ဘာသာရေး၊ ဘာသာစကား အစုအဖွဲ့များနှင့် မျိုးနွယ်စုများအကြား လက်ထပ်ထိမ်းမြားခြင်းကို အားပေးသည်။

(ဃ) မတူညီသည့် ဘာသာရေး၊ ဘာသာစကား၊ လူမျိုးစုနှင့် အခြားအတားအဆီးများကို ကျော်လွှန်၍ အသင်းအပင်းများဖွဲ့စည်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရမည် (အပိုဒ် ၁၅)။ အခန်း ၄ တွင်မူ နိုင်ငံသားတိုင်းအတွက် အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ သတ်မှတ်ပြဋ္ဌာန်း ထားပါသည်။

### ၁.၃.၂.၃ ဖွဲ့စည်းပုံသမိုင်းကြောင်းနှင့် လက်တွေ့စိန်ခေါ်မှုများ

နိုင်ဂျီးရီးယားနိုင်ငံသည် လူဦးရေ သန်း ၂၀၀ ကျော်၊ လူမျိုးစု ၃၀၀ ကျော်၊ များပြားစုံလင်ကွဲပြားလှသော မျိုးနွယ်စု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုစီးပွားရေးပုံစံများဖြင့် ဖွဲ့စည်းထားသော အာဖရိကတိုက်၏ အကြီးမားဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံ၏ လူဦးရေးတစ်ဝက်ကျော်ကို လူများစု လူမျိုးစုများဖြစ်သည့် မြောက်ပိုင်းမှ ဟော်ဆာ-ဖူလန်နီ (Hausa-Fulani) မွတ်စလင်များ၊ အရှေ့တောင်ပိုင်းမှ အစ်ဂ်ဘို (Igbo) ခရစ်ယာန်များနှင့် အနောက်တောင်ပိုင်းမှ ရိုရူဘာ (Yoruba) တို့ဖြင့်ဖွဲ့စည်းထားပြီး ကျန်လူမျိုးစု အများအပြားမှာ လူနည်းစု မျိုးနွယ်စုများဖြစ်သည်။ ၁၉၆၀ ခုနှစ် လွတ်လပ်ရေးရချိန်မှစ၍ နိုင်ငံ၏



အမျိုးသားတန်းတူရေး

နိုင်ငံရေးနှင့် စီးပွားရေးကို ၄င်းလူမျိုးစု ၃ ခုမှသာ လွှမ်းမိုးချုပ်ကိုင်လာခဲ့ပြီး ယခုဆိုလျှင် ဖွဲ့စည်းပုံအရ ဖက်ဒရယ်ပြည်နယ် ၃၆ ပြည်နယ်၊ ဖက်ဒရယ်မြို့တော် ပြည်ထောင်စုနယ်မြေ အဘူဂျာ (Abuja) နှင့် ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၇၇၄ ခုနှင့် ဖွဲ့စည်းထားပြီဖြစ်ပါသည်။ နိုင်ငံရေးနှင့် လူမှုစီးပွားရေးတို့တွင် ပါဝင်ဆောင်ရွက်ခွင့်တို့နှင့် ပတ်သက်ပြီး တောင်-မြောက် အားပြိုင်ခဲ့မှုက နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် လူမျိုးစုများကြား ပဋိပက္ခ၊ အကြမ်းဖက် မှုနှင့် စစ်ပွဲများ ဖြစ်ပွားစေခဲ့ပါသည်။ နိုင်ငံ၏ လူမျိုးစုနိုင်ငံရေးအပေါ် အခြေခံ၍ မတည်မငြိမ် ဖြစ်ခဲ့ရသည့် အကြောင်းအရင်းများတွင် ပါလီမန်စနစ်ပထမပြည်ထောင်စု (၁၉၆၀-၆၆) ပြိုကျခြင်း၊ ခက်ထန်ဆိုးရွားသော ပြည်တွင်းစစ် (၁၉၆၇-၇၀)၊ စစ်အုပ်ချုပ်ရေးနှစ်ကာလ (၁၉၆၆-၇၉) နှင့် ၁၉၈၄-၉၉)၊ သမ္မတစနစ် ဒုတိယ ပြည်ထောင် ကျဆုံးခြင်း (၁၉၇၉-၈၃)၊ တတိယပြည်ထောင်စု (၁၉၈၆-၉၃) သို့အသွင်းကူပြောင်းခြင်းကို ဖျက်သိမ်းလိုမှုတို့ ပါဝင်ပါသည်။ ၁၉၉၉ တွင် စတုတ္ထပြည်ထောင်စု စတင်ခဲ့ပြီး လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများ အဆက်မပြတ် ရင်ဆိုင်ကြုံတွေ့ ခဲ့ရပါသည်။ ထို့ကြောင့် ကွဲပြားစုံလင်လှသော လူမျိုးစုများ၏ အမျိုးသားတန်းတူညီမျှမှုကို အာမခံပြီး လူမျိုးစုများအကြား ခွဲခြားဆက်ဆံမှု၊ လူမှုစီးပွားရေးမညီမျှမှုတို့ကို ပြေလည်စေမည့် ဖက်ဒရယ်ဝိသေသလက္ခဏာများကို ၁၉၉၉ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲတွင် တီထွင်ရေးဆွဲခဲ့ကြပါသည်။ ထို့ကြောင့် မျိုးနွယ်စုများအကြား အထိုက်အလျောက် ညီမျှမှုနှင့် အပြန်အလှန်လုံခြုံမှုရှိစွာဖြင့် အတူတကွ ယှဥ်တွဲနေထိုင်နိုင်ကြသည်ဟု ဆိုပါသည် (Diamond 1987)။ "ကမ္ဘာ့အကြီးမားဆုံး နှိမ့်ချခွဲခြားမှုကုစားရေးအစီအစဉ် (Affirmative Action Program)" များထဲက တစ်ခုဖြစ်ပြီး လူမျိုးရေး တန်းတူညီမျှမှုနှင့် မျှတသောအစိုးရတစ်ရပ်ပုံစံ တစ်ရပ်၏ အုတ်မြစ်အဖြစ် ပညာရှင်များ အကြား နိုင်ဂျီးရီးယား၏ ဖက်ဒရယ်မူဝါဒနှင့် ဝိသေသများကို ချီးမွမ်းအသိအမှတ်ပြု ကြပါသည် (Diamond 1987, Kendhammer 2014, Sklar 2004)။ တစ်ဖက်တွင်လည်း မထိရောက်သော၊ အလုပ်မဖြစ်သော၊ ခြစားသော၊ ခွဲခြားသော ဖက်ဒရယ်ဖွဲ့စည်းပုံတစ်ရပ်အဖြစ် ဝေဖန်မှုများလည်းရှိပါသည် (Ekeh and Osaghae 1989, Maduagwu 2019)။

ဝေဖန်အကြံပြုကြသော ပညာရှင်နှင့် မူဝါဒရေးဆွဲသူများအနေဖြင့် လက်တွေ့အကောင်အထည် ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို အဓိကအားဖြင့် ထောက်ပြကြပါသည်။ အခရာ ကျသော ဝေဖန်မှုများထဲမှာ တစ်ခုမှာ ဖွဲ့စည်းပုံပေါ်ပေါက်လာသည့် ဖြစ်စဉ်နှင့်ပတ်သက်ပါသည်။ ဖွဲ့စည်းပုံ အစိတ်အပိုင်း အများစုကို စစ်အုပ်ချုပ်ရေးကာလတွင် ရေးဆွဲခဲ့ပြီး နောက်ပိုင်းတွင်လည်း ပြည်သူများ၏ အမြင်သဘောထားနှင့် ထည့်ဝင်မှုမပါဘဲ ပြင်ဆင်အတည်ပြုခဲ့ခြင်းနှင့် ပတ်သက်၍ ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးစုနှင့် ဘာသာရေးအစုအဖွဲ့ စုံလင်ကွဲပြားလှသော နိုင်ငံ၏အခြေအနေကို ဖွဲ့စည်းပုံတွင် စစ်စစ်မှန်မှန် ထင်ဟပ်နိုင်မှုနည်း၍ တန်းတူညီမျှသော ကိုယ်စားပြုခွင့်များကို အဟန့်အတားဖြစ်စေပါသည်။ ထို့အပြင် ပြည်ထောင်စု အစိုးရ၏ နိုင်ငံတော်အာဏာနှင့် အရင်းအမြစ်များအပေါ် ဗဟိုချုပ်ကိုင်မှုကြီးမားလွန်းသည့် အပေါ်တွင်လည်း ဝေဖန်မှုများရှိပါသည်။ ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်းကြောင့် အုပ်ချုပ်ရေးနှင့် အရင်းအမြစ် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့၏ လွတ်လပ်မှုနှင့် အချုပ်အခြာ အာဏာရှိမှုကို ကျုံ့စေပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်စေပါသည်။

### ၁.၃.၃ အီသီယိုးပီးယားနှင့် နိုင်ဂျီးရီးယားဥပမာများမှ အနှစ်ချုပ်မှတ်သားစရာများ

၁။ ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာတစ်ခုဖြစ်သည့် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနှင့် အာဏာ ခွဲဝေခြင်း အပေါ်မူတည်၍ လူမျိုးစုများ၏ တန်းတူညီမျှမှုနှင့် ညီမျှသော ကိုယ်စားပြုမှုကို ထင်ဟပ် စေပါသည်။

၂။ နိုင်ငံရေးနှင့် လူမှုစီးပွားရေးတို့တွင် လူများစုလူမျိုးစုများမှ လွှမ်းမိုးချုပ်ကိုင်ခဲ့ပြီး လူမျိုးစုပဋိပက္ခ သမိုင်းကြောင်းရှိသော နိုင်ငံများတွင် ပြည်ထောင်စုအစိုးရ၏ ဗဟိုချုပ်ကိုင်မှု လွန်ကဲခြင်းက ပြည်နယ်နှင့် ဒေသန္တရအစိုးရများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အကန့်အသတ်ဖြစ်စေပြီး ခြစားမှုနှင့် နိုင်ငံရေးမတည်မငြိမ် ဖြစ်မှုများ ပေါ်ပေါက်စေပါသည်။

၃။ လူမျိုးစု စုံလင်ကွဲပြားသော နိုင်ငံများတွင် အမျိုးသားတန်းတူညီမျှရေးကို အာမခံပြီး ပြည်တွင်းစစ်နှင့် လူမျိုးစုပဋိပက္ခများကို ရှောင်ကြဉ်နိုင်ရန် ဒီဇိုင်းကောင်းကောင်း ဖက်ဒရယ်ဖွဲ့စည်းပုံ တစ်ရပ် လိုအပ်ပါသည်။

၄။ လူမှုစီးပွားရေးမညီမျှမှုများနှင့် ပညာရေး၊ ကျန်းမာရေး အစရှိသည့် ပြည်သူ့ဝန်ဆောင်မှုများတွင် မမျှတခြင်း၊ ခွဲခြားဆက်ဆံခြင်းများက လူမျိုးစုများကြား ကာလရှည်ကြာ အမုန်းတရားနှင့် မကျေမနပ် ဖြစ်မှုများကို အမြစ်တွယ်စေပြီး လူမျိုးစုနိုင်ငံရေးပြင်းထန်အားကောင်းမှု၊ လူမျိုးစု အမှတ်လက္ခဏာများ အပေါ် အစွန်းရောက် ဖက်တွယ်မှုများ ဖြစ်ပေါ်စေပြီး မတည်မငြိမ် ဖြစ်စေပါသည်။

## ၁.၄ မြန်မာနိုင်ငံ ဖက်ဒရယ်သမိုင်းမှ အမျိုးသားတန်းတူရေးကို ရှာဖွေခြင်း

### ၁.၄.၁ ပင်လုံစာချုပ်နှင့် အမျိုးသားတန်းတူရေး

မြန်မာပြည်၏ နိုင်ငံရေး၊ တိုင်းရင်းသားအရေးနှင့် မပြီးပြတ်သေးသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အကြောင်းများပြောကြမည်ဆိုလျှင် ပင်လုံစာချုပ်အကြောင်းမဖြစ်မနေ ပါရမည်ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း နှင့် တိုင်းရင်းသား ခေါင်းဆောင်များ၏ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး အပေါ် အမျှော်အမြင်ရှိရှိ တွေးခေါ် ဆုံးဖြတ်ခဲ့ပုံများကို ပင်လုံညီလာခံ သမိုင်းများ နှင့် ပင်လုံစာချုပ်က သက်သေထူပါသည်။ ဗြိတိသျှ ကိုလိုနီတို့သည် ဗမာ ပြည်မ (ရခိုင်၊ ဗမာ။ ကရင် တို့ပါဝင်သည်)၊ ရှမ်း၊ ချင်း၊ ကချင် တို့ပါဝင် တောင်တန်းဒေသနှင့် ကရင်နီပြည်နယ်ဟူ၍ ပိုင်းခြား အုပ်ချုပ်ခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးရယူ ရာ၌ ပြည်မနှင့် တောင်တန်းဒေသ ပူးပေါင်းပြီး လွတ်လပ်ရေး ရယူလိုက်ပါက ပိုမြန်မည်ဟု ခေါင်းဆောင်များက ယူဆပြီး ပင်လုံညီလာခံတွင် တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရယူရာတွင် ဗမာပြည်မ (Burma Proper)၊ ပြည်ထောင်စု ရှမ်းပြည် (The Federated Shan States)၊ ကချင် တောင်တန်းဒေသ (The Kachin Hill Tracts) နှင့် ချင်းတောင်တန်းဒေသ (The Chin Hill District) နယ်မြေလေးခုကို ပေါင်းစည်းပြီး လွတ်လပ်ရေး

အရယူရန်နှင့် လွတ်လပ်ရေး ရရှိပြီးပါက အမျိုးသားများ တန်းတူရည်တူ ပြည်ထောင်စု တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည်။ ပင်လုံစာချုပ်တွင် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်ရန် လိုအပ်သည့် အခြေခံမူများ၊ အခြေခံကျောရိုးများကို ချမှတ်ထားပြီး လွတ်လပ်ရေးရယူပြီး အသွင်ကူး ပြောင်းရေး အစီအစဥ်များကို ကတိကဝတ်ပြုထားပါသည်။ စာချုပ်တွင် အပိုဒ်ကိုးပိုဒ် ပါဝင်ပြီး ရှမ်း၊ ကချင်၊ ချင်း၊ ဗမာ ကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ စာချုပ်တွင်ပါဝင်သော အပိုဒ် ၄ ပိုဒ်မှာ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် တောင်တန်းဒေသ အရေးကိစ္စများဆိုင်ရာအတွက် အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာမည့် တောင်တန်းသားများ၏ ကိုယ်စားလှယ်ရာထူးအကြောင်းနှင့် အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ယာယီ အမှုဆောင်ကောင်စီ အကြား ဆက်ဆံရေး အကြောင်း ဖြစ်ပါသည် (Markoban, 2018)။ ကျန်အပိုဒ်များတွင် တောင်တန်းဒေသ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရေး နှင့် ဒီမိုကရေစီ အခွင့်အရေးများကို အာမခံထားသော အချက်များပါဝင်ပါသည်။ စာချုပ်ပါ အပိုဒ် ၅ တွင် " တောင်တန်းဒေသများအတွက် နယ်တွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြောင်း မူအားဖြင့် လက်ခံသည်" ဟု ဖော်ပြထားရာ တိုင်းရင်းသားများ၏ မူလရှိနှင့်ပြီးသော ကိုယ်ပိုင်အုပ်ချုပ်ရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို မဆုံးရှုံးစေရန် အာမခံချက်ပေးထားသော ကတိကဝတ်တစ်ခု ဖြစ်ပါသည်။ အပိုဒ် ၈ နှင့် အပိုဒ် ၉ တွင်မူ တိုင်းရင်းသားဒေသများ၏ ဘဏ္ဍာရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် အခွန်ဘဏ္ဍာရပိုင်ခွင့်များကို မထိခိုက်စေရ ဟူသော အချက်များပါဝင်သဖြင့် အမျိုးသားတန်းတူရေး တွင် အရေးပါသော အခွန်ဘဏ္ဍာတန်းတူရေးအတွက် အထောက်အကူ ဖြစ်စေသော မူတစ်ချက်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် အပိုဒ် ၇ တွင် " တောင်တန်းဒေသ ရှိတိုင်းသူပြည်သားများသည် ဒီမိုကရေစီ တိုင်းပြည်များတွင် အခြေခံသော အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ရရှိခံစား စေရမည်" ဟုဖော်ပြထား သောကြောင့် တောင်တန်းပြည်မ မခွဲခြားဘဲ တန်းတူ ရပိုင်ခွင့် နှင့် လွတ်လပ်ခွင့်များကို အာမခံချက် ပေးထားခြင်း ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆-၇ ရက်နေ့ ပင်လုံတွင် ကျင်းပသောရှမ်းစော်ဘွား ကိုယ်စားလှယ်များ၊ ရှမ်းလူထုကိုယ်စာလှယ်များ၊ ကချင်ခေါင်းဆောင်များ၊ ချင်းခေါင်းဆောင်များအနေနှင့် ဗမာပြည်မနှင့် မည်ကဲ့သို့ ပူးပေါင်းဆက်သွယ်မည်ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးဆုံးဖြတ်ချက် ၅ ချက်ချမှတ်ခဲ့ပြီး ထိုမူများသည် သမိုင်းဝင် ပင်လုံစာချုပ်၏ ပဋိညာဉ်အခြေခံ အချက်များဖြစ်သည်ဟု ၁၉၉၀

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MBU) အဖွဲ့ ဝင် ခွန်းမားရ်ကိုဘန်း ကဆိုပါသည် (Markoban, 2018)။

သို့သော် ပင်လုံစာချုပ်၏ကတိကဝတ်များကို အခြေတည်ပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တစ်ရပ် ရေးမဆွဲရသေးခင်မှာပင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရသည်။ ထို့နောက် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်သည် ပင်လုံစိတ်ဓာတ် နှင့် ပင်လုံအခြေခံမူများကို သွေဖယ်ပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ လူမျိုးစုခေါင်းဆောင်များ၏ နိုင်ငံရေးနှင့် ဥပဒေမကျွမ်းကျင်မှုကို အမြတ်ထုတ်ပြီး ဗမာလူမျိုးကြီးဝါဒကို သွတ်သွင်းခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သော ဦးချန်ထွန်းကိုယ်တိုင်က " ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ် ရောနှောနေတယ်" ဟု ဝန်ခံခဲ့သည်။ ထိုကဲ့သို့ တိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ချိုးဖောက်ခဲ့မှုများကြောင့် လွတ်လပ်ရေး သက်တမ်းနှင့်အတူ ပြည်တွင်းစစ်မီး စတင် တောက်လောင်ခဲ့ခြင်း ဖြစ်ပါသည် (Sakhong, 1999)။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းပြီး ၁၄နှစ်အကြာ ၁၉၆၁ ခုနှစ်တွင် လူမျိုးစုခေါင်းဆောင်များသည် ပြည်တွင်းစစ်ပြဿနာများကိုဖြေရှင်းရန် နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ကို အသစ်ပြန်လည်တည်ဆောက်ရန် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်စုဝေးကြပြီး ညီလာခံတစ်ရပ်ကျင်းပကာ ပင်လုံကတိအဝတ်နှင့် အခြေခံမူများ အားရှေးရှုပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမူ များကို ချမှတ်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုအပါအဝင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များသည် ပြည်လမ်း အသံလွှင့်ရုံခန်းမဆောင်၌ ဗမာ့နိုင်ငံလူမျိုးပေါင်းစုံ၏ ပြည်ထောင်စုမူနှင့် ပတ်သက်၍ နှီးနှောဖလှယ်ပွဲ ကျင်းပပြီး ပင်လုံစာချုပ်အခြေခံမူများပါအတိုင်း စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုကို တင်ပြခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်နေစဉ်အတွင်း ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့၌ ဗိုလ်နေဝင်းဦးဆောင်ပြီး စစ်အာဏာသိမ်းခဲ့သည်။ ဖက်ဒရယ်အရေးကြိုးပမ်းနေ သော တိုင်းရင်းသားလူမျိုးစုများကို ခွဲထွက်ရေးသမားများ၊ တိုင်းပြည်ကို အစိတ်စိတ်အမြွှာမြွှာ ဖြိုခွဲသူများဟု ပုံဖော်ခဲ့ပြီး တိုင်းပြည် ချောက်ကမ်းပါးကျလုဆဲဆဲတွင် တပ်မတော်က

အချိန်မီကယ်တင်နိုင်ကြောင်း ဝါဒဖြန့်ခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများဖြစ်သော နာဂ၊ ပလောင်၊ ကယန်း၊ ပအိုဝ်း၊ လားဟူ စသည့် လူမျိုးစုများပါမကျန် ရရာလက်နက်စွဲကိုင် တော်လှန်သဖြင့် ပြည်တွင်းစစ်မီးသည်လည်း အထွဋ်အထိပ်သို့ လောင်ကျွမ်းခဲ့ရသည် (Sakhong, 1999)။ ထိုကဲ့သို့ ပင်လုံစိတ်ဓါတ်၊ ပင်လုံဝိဉာဉ် ဟူ၍ တင်စားဖော်ညွှန်းကြရလောက်အောင် သမိုင်းဝင်ခဲ့သော ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုများသည် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားပြီးနောက်ပိုင်း တစတစနှင့် မှေးမှိန်သွားပြီး တိုင်းပြည်၏ ကံကြမ္မာ သည်လည်း ဖက်ဒရယ်အိပ်မက်နှင့် ဝေးခဲ့ရသည်။

## ၁.၄.၂ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး စာချုပ်

မြန်မာနိုင်ငံ၏ အမျိုးသားတန်တူရေးဆိုင်ရာများ အကျယ်တဝင့်ဆွေးနွေးသည့်အခါ သမိုင်း တစ်လျှောက် အချိန်ကာလအလိုက် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အခြေခံဆွေးနွေးကြပြီး ထိုအထဲတွင် ၂၀၀၈ ဖွဲ့စည်းစည်းပုံအခြေခံဥပေဒေမူဘောင်အတွင်း ပေးထားချက်အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥဒေနှင့် အုပ်ချုပ်သည့်ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေး ဖြစ်စဉ်များသည်လည်း လက်ရှိ အမျိုးသား တန်းတူရေး ဆိုင်ရာ အခြေအနေများကို ချဉ်းကပ်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍ တစ်ရပ်ဖြစ်သည်ဟု ယူဆသည့်အတွက် ဆွေးနွေးစရာ သမိုင်းအထောက်အထားတစ်ခုအနေဖြင့် သုံးသပ်တင်ပြပါမည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖြစ်ပေါ်လာမှုနဲ့ဆိုင်သည့် သမိုင်းကြောင်းများစွာထဲမှ ယခုစာတမ်းနှင့် ဆက်စပ်မည့် အတွေးအခေါ်၂ချက်အား အနည်းငယ်ဆွေးနွေးလိုသည်။

ပထမအချက် အကြောင်းတရားအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ပေါက်လာမှုသည် စစ်အာဏာရှင်အစိုးရ (military Regime)မှ စစ်တပ်အခြေပြု နိုင်ငံတော်ပုံစံ (military-state) ပြောင်းလဲရေး ဖြစ်ပြီး military-state ပုံစံတွင် ရွေးကောက်ခံမဟုတ်သည့် စစ်တပ်နှင့် ရွေးကောက်ခံ အရပ်သား

ဥပဒေပြုသမားများ ဟူသည့် ဇာတ်ကောင်နှစ်ဖွဲ့ အတူပါဝင်ခြင်းဖြစ်သည်။[3] ဒုတိယ အကြောင်းတစ်ရပ်မှာ တင်ကူး လက်ဦးမှုဖြင့် ဖွဲ့စည်းပုံပြဌာန်းရေး (pre-emptive constitution making) ဖြစ်ပြီး ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ၊ ဖက်ဒရယ်နှင့် ခွဲထွက်ခွင့်များကို ကန့်သတ်သည့် စစ်တပ်၏ အမျိုးသားရေးဆိုင်ရာ ဝါဒအား အထောက်အပံ့ပြုနိုင်ရန် ဖြစ်သည် (Crouch, 2020)။ ၂၀၀၈ ဖွဲ့စည်းပုံ ဖြစ်ပေါ်လာမှုသည် ဒီမိုကရေစီနှင့် လူမျိုးပေါင်းစုံ တန်းတူညီမျှရေးဖြစ်သည့် ဖက်ဒရယ်အားရှေးရှုသည့်ဖြစ်စဉ် သို့မဟုတ် နိုင်ငံရေးပြဿနာဖြေရှင်းရန် ချဉ်းကပ်သည့် ဖွဲ့စည်းပုံမမဟုတ်ဆိုသည့်အချက်ဖြစ်သည်။

၎င်းအချက်များနှင့်ဆက်စပ်၍ အမျိုးသားညီလာခံကာလကိုကြည့်လျှင် အစုအဖွဲ့ ၈ ဖွဲ့[4] အနက် ပြည်သူ့ကိုယ်စားလှယ် ၂ ဖွဲ့မှလွဲ၍ ကျန် ၆ ဖွဲ့မှာ စစ်တပ်မှရွေးချယ်ထားသည့် အဖွဲ့များဖြစ်ကြသည်ကို တွေ့ရမည်။ ဥပမာအားဖြင့် တိုင်းရင်းသား[5]ကိုယ်စားလှယ်အများစုသည် စစ်တပ်မှ ရွေးချယ်ထားသူများ ဖြစ်ပြီး၊ ငြိမ်းချမ်းရေးယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်ခဲ့သည့်တိုင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အစုအဖွဲ့ထဲမပါစေပဲ ဖိတ်ကြားသင့် ပုဂ္ဂိုလ်များအစုဖွဲ့တွင်သာ ပါဝင်စေခြင်းကို ကြည့်ခြင်းအားဖြင့် ဖွဲ့စည်းပုံရေးဆွဲစဉ်ကာလမှစ ဒီမိုကရေစီအင်အားစုနှင့် ဖက်ဒရယ်အင်အားစုများ အားကောင်း မလာနိုင်ရန် ကြိုတင်ကန့်သတ်၍ စနစ်တစ်ကျ ပုံဖော်ထားသည်ကို တွေ့ရမည်ဖြစ်သည်။[6] ထို့အပြင် အမျိုးသားညီလာခံကို ဦးဆောင်ကျင်းပသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) မှ ၁၉၉၆ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဥပဒေအမှတ် ၅/၉၆ ဖြင့်

[3] အဓိကအားဖြင့် ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆိုင်ရာ မဲခွဲဆုံးဖြတ်မှုများတွင် စစ်တပ်သည် ဗီတိုပါဝါ ကိုင်ထားသည့် ပုံစံဟု အလွယ်ပြောနိုင်သည် (Crouch, 2020)

[4] (၁) နိုင်ငံရေးပါတီ (၂) ရွေးကောက်ခံ ကိုယ်စားလှယ်၊ (၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် (၄) တောင်သူလယ်သမား (၅) အလုပ်သမား (၆) အသိပညာရှင် အတတ်ပညာရှင် (၇) နိုင်ငံဝန်ထမ်း နှင့် (၈) အခြားဖိတ်ကြားသင့် ပုဂ္ဂိုလ်များ

[5] အထက်တွင်ဆွေးနွေးခဲ့သည့် လူမျိုးစုဟူသည့်အသုံးအနှုန်းနှင့် ယခုအသုံးပြုသည့် တိုင်းရင်းသား ဟူသည့်အသုံးအနှုန်းသည် တူညီသည့် အနက်ဆောင်ပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကနဦး အသုံးပြုခဲ့သည့် အသုံးအနှုန်း ဖြစ်သည့် တိုင်းရင်းသား ဟူသည့် အသုံးအနှုန်းကို မူရင်းအတိုင်း တင်ပြခြင်းဖြစ်ပါသည်။

[6] နောက်ပိုင်းတွင် လုပ်ထုံးလုပ်နည်းအပြင် ဒီမိုကရေစီမဆန်သည့်ကိစ္စများကို ထောက်ပြသည့် NLD ကိုယ်စားလှယ်များ ကိုလည်း အမျိုးသားညီလာခံမှ ထုတ်ပယ်ခဲ့ပါသည်။

"နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင် မြင်စွာ ဆောင် ရွက်ရေး တို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေ" ကိုပြဋ္ဌာန်းခဲ့ပြီး ဖက်ဒရယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ခွင့်များကိုဆွေးနွေးလျှင် ထိုဥပဒေ ပုဒ်မ ၃(ခ) နှင့် ပုဒ်မ ၄ အရ" အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း" ဟူသော ခေါင်းစဉ်ဖြင့် ထောင် ၅ နှစ် မှ အနှစ် ၂၀ အထိချမှတ်နိုင်ပြီး တိုင်းရင်းသား အခြေပြုအဖွဲ့အစည်း/ပါတီ/အသင်းအဖွဲ့တစ်ခုခုမှ ပြုလုပ်လျှင် ပုဒ်မ ၅ အရ ထိုအဖွဲ့အားဖျက်သိမ်းခြင်း သို့မဟုတ် မတရားအသင်းကြေညာနိုင်သည်အထိ ပြင်းထန်စွာ ကန့်သတ်ခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ၏နိဒါန်းပိုင်းတွင် အငြင်းပွားဖွယ် လူမျိုးပေါင်းစုံ ကိုယ်စားပြုမှုအားဖော်ပြရာတွင် "မြို့နယ်အားလုံးမှ တိုင်းရင်းသား ကိုယ်စားလှယ်များ[7] ပါဝင်သည်" ဆိုသည့် အချက်ဖြင့်သာ ရောထွေးရေးသား ဖော်ပြခဲ့သည့်အပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ သဘောတူညီချက်မရသည့်တိုင် "ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အတူတကွ လက်တွဲနေထိုင်မည် ဆိုသည့်" "Holding together" မှုဖြင့် ပြည်ထောင်စုအမည်ခံ ဆွဲစုထားသည်ကို တွေ့ရမည်ဖြစ်သည်။

ဤကဲ့သို့သော အငြင်းပွားဖွယ်အလီလီဖြင့် ပေါ်ထွက်လာသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံသည် တပိုင်း ဖက်ဒရယ်နိုင်ငံဟု ဥပဒေကြောင်းအရဆိုနိုင်သည့် အရေးကြီးသည့် ဝိသေသလက္ခဏာများ ပါဝင်သည့် နိုင်ငံတည်ဆောက်ပုံမျိုး (State Structure)ဖြစ်သည်ဟု Marcus Brand ကဆိုသည် (Brand, 2012)။ ဆန့်ကျင်ဘက်အားဖြင့် ဖက်ဒရယ် ဝိသေသလက္ခဏာများ[8] ၂၀၀၈ ဖွဲ့စည်းပုံတွင် တွေ့ရပြီး ဖက်ဒရယ် မကျတကျ (quasi-federal) ဆိုနိုင်သည့်တိုင် တစ်ပြည်ထောင်စနစ်ကိုပဲ အခြေပြုထားသည်ဟု Rohan

[7] စစ်တပ်မှ ရွေးချယ်ထားးသော မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များဖြစ်ပြီး ၂၀၀၄ ညီလာခံပြန်စချိန်တွင် အရေအတွက် နှစ်ဆနီးပါး ထပ်တိုးမြင့်ထားသည်ကိုတွေ့ရသည်။

[8] Ronald Watt အလိုအရ ဖက်ဒရယ်နိုင်ငံများတွေ တွေ့ရလေ့ရှိသည့် ဖက်ဖရယ်ဝိသေသလက္ခဏာ ၆ ရပ်ရှိသည်ဟုဆိုသည်။ ဥပမာအားဖြင့် အစိုးရနှစ်ရပ်ရှိခြင်း၊ ပြည်နယ်များကို ကိုယ်စားပြုနိုင်သည့် အထက်လွှတ်တော်ကဲ့သို့သော ဗဟိုအဖွဲ့အစည်းရှိခြင်း၊ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများ ပိုင်းခြားကျင့်သုံးသည့်အပြင် အစိုးရ၏ လုပ်ပိုင်ခွင့်များ သီးခြားပြဋ္ဌာန်းခြင်းစသည့်အချက်များပါဝင်သည်။ အသေးစိတ်အား Marcus ရေးသည့် A bird in hand... စာအုပ်တွင်လည်းကောင်း၊ Ronald L. Watt ၏ comparing Federal System တွေလည်းကောင်း လေ့လာနိုင်သည်။ (Watt, 199s)

Edrisinha ကဆိုသည် (Endrisinha, 2014)။ ၂၀၀၈ ကိုလေ့လာကြည့်လျှင် Watt ဆိုခဲ့သည်အတိုင်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် ဇယား (၁) (၂) (၃) (၅) ကဲ့သို့သော လုပ်ပိုင်ခွင့် အာဏာ ခွဲဝေခြင်းများစသည်များသည် ပုံသဏ္ဍာန်အားဖြင့် ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။[9] Structure - ဖွဲ့စည်းပုံအရ ဖက်ဒရယ်ပုံသဏ္ဍာန်များပါသည့်တိုင် အမျိုးသား တန်းတူရေးမူအရ အနှစ်သာရ ရှိမရှိ ဆိုသည်ကို အနည်းငယ်ဆွေးနွေးဖို့လိုပါမည်။ ဤနေရာတွင် အမျိုးသားတန်းတူရေးကို အနည်းငယ် ရှင်းပြလိုသည်မှာ တိုင်းရင်းလူမျိုးများ၏ ဖက်ဒရယ်တင်ပြချက်များ ဆွေးနွေးချက်များတွင် တန်းတူရေးနှင့် ဖက်ဒရယ်အား အပြန်အလှန် သို့မဟုတ် အလဲအလှယ် သုံးနှုန်းထားသည်ကိုတွေ့ရပြီး ပြည်ထောင်စုအား ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ အတူတကွ မျှဝေအုပ်ချုပ်ခြင်း၊ အချုပ်အခြာအာဏာ ပိုင်းခြား ကျင့်သုံးခြင်း၊ အဖွဲ့ဝင် ပြည်နယ်များ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံရေးဆွဲခွင့်ရှိခြင်း၊ အထက်လွှတ်တော်တွင် လူမျိုးပေါင်းစုံ ကိုယ်စားပြုမှု၊ သံယဇာတ စီမံခန့်ခွဲခွင့်၊ စသည့်အချက်များကို ဆိုလိုခြင်းဖြစ်သည်။

### ၁.၄.၂.၁ အမျိုးသားလွှတ်တော်နှင့် ဆက်စပ်သည့် ကိုယ်စားပြုမှုများ

၂၀၀၈ ဖွဲ့စည်းပုံအရ ဖက်ဒရယ်ဝိသေသလက္ခဏာဟု ဆိုနိုင်ရုံမျှအချက်တစ်ခုမှာ အမျိုးသား လွှတ်တော် ထားရှိခြင်းဖြစ်ပြီး ဖက်ဒရယ်နိုင်ငံများနည်းတူ ပြည်နယ်နှင့်တိုင်း ညီတူညီမျှ ကိုယ်စားလှယ်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ သို့သော်လည်း အသက်အရွယ်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်၏ လုပ်ပိုင်ခွင့်၊ အာဏာများနှင့်အတူတူဖြစ်သည့်အပြင် အငြင်းပွားဖွယ်ရာ ကိစ္စများရှိလာလျှင် ပုဒ်မ ၉၅ အရ ပြည်ထောင်စု လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရသည်ဖြစ်၍ ကိုယ်စားလှယ်ပိုများသည့် ပြည်သူ့လွှတ်တော် သို့မဟုတ် နိုင်ငံရေးပါတီများ သို့မဟုတ် ဗမာလူမျိုးများကသာ အမြဲအနိုင်ရမည်ဖြစ်သည် (Egreteau, May 2017)။[10] ဥပမာအားဖြင့် မြောက်ဦးရှေးဟောင်းနယ်အား

[9] ဒီအချက်များကိုကြည့်ပြီး ပင်လုံညီလာခံကာလ စစ်တပ်တင်သွင်းတဲ့ စာတမ်းများနှင့် မင်းအောင်လှိုင်၏ မိန့်ခွန်းများတွင် Watt ၏ အဆိုပြုချက်များကို အခြေခံပြီး ၂၀၀၈ သည် ဖက်ဒရယ်ဖြစ်ကြောင်း အဓိကထားပြောကြသည်။

[10] ဤအချက်အား တိုင်းရင်းသားလူမျိုးစုပါတီများမှ တန်းတူညီမျှမှုမရှိစေသည့် ပုဒ်မအဖြစ်ညွှန်းလေ့ရှိပြီး ဖွဲ့စည်းပုံပြင်ဆင်ရေး အဆိုပြုချက်တွေ သင်သွင်းခဲ့သည့်အချက်လည်းဖြစ်သည်။ (ပြည်ထောင်စု အင်စတီကျူး)

စစ်မဲ့ဇုန်သတ်မှတ်ရေးအဆိုတင်သွင်းမှုများ၊ မွန်ပြည်နယ် ဘီးလူးချောင်းတံတားကိစ္စများ၊ ကရင်နီပြည်နယ်ဗိုလ်ချုပ်ကြေးရုပ်ကိစ္စများတွင် အရေးကြီးသည့် ယဉ်ကျေးမှုနှင့် လူမျိုးဆိုင်ရာ သမိုင်းတန်ဖိုးများ ကာကွယ်စောင့်ရှောက်ရေးအတွက် ဆုံးဖြတ်ခွင့် မရှိခြင်းကို သိသာစေသည့် အချက်ဖြစ်သည်။ ၎င်းသည် ဖက်ဒရယ် နိုင်ငံများ၏ Second Chamber အခေါ် အထက်လွှတ်တော်တည်ရှိခြင်း၏ အနှစ်သာရအမှန် ပျောက်ဆုံးနေခြင်းဖြစ်ပြီး မတူညီသော လူမျိုးများ၏ ဖယ်ဒရယ်အဆင့် အဖွဲ့အစည်းများရှိ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ကိုယ်စားပြုပါဝင်မှု (Noel, 2022) မရှိဟုဆိုရမည်ဖြစ်သည်။ နောက်ထပ် အမျိုးသား လွှတ်တော်တွင် တန်းတူညီမျှမှု အကန့်အသတ် ဖြစ်သည့်အချက်မှာ နိုင်သူအကုန်ယူစနစ် (First Past the Post) ဟု ခေါ်သည့် နှာတစ်ဖျားသာ သို့မဟုတ် တစ်မဲသာ အနိုင်ရသည့် ရွေးကောက်ပွဲစနစ်ဖြစ်ပြီး ၎င်းသည် ဗဟိုအုပ်ချုပ်မှု လွှမ်းကဲသည့် ၂၀၀၈ ဖွဲ့စည်းပုံအရ ပါတီကြီးများကိုသာ အခွင့်အလှမ်းသာစေပြီး လူမျိုးပေါင်းစုံပါဝင်နိုင်သည့် အခင်းအကျင်း အားနည်းစေခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၂၀၁၅ နောက်ပိုင်း အမျိုးသားလွှတ်တော်အတွင်း ပါတီအလိုက်ကိုယ်စားပြုမှုကို ကြည့်မည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၆၀%၊ စစ်တပ် ၂၅%၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၅% နှင့် တိုင်းရင်းသားပါတီများမှ ၈% ကိုသာ ကိုယ်စားပြုနိုင်သည်ကို တွေ့ရမည်ဖြစ်သည် (Egreteau, May 2017)။ အမျိုးသားလွှတ်တော်၌ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ညီတူညီမျှ ကိုယ်စားပြုမှု မရှိနိုင်ခြင်းသည် (၁) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ- ဒုဥက္ကဋ္ဌများ ရွေးချယ်ရာတွင် လည်းကောင်း (၂)ဒု-သမ္မတလောင်း ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် သော်လည်းကောင်း တိုင်းရင်းသား လူမျိုးများကိုယ်စားပြုနိုင်မှု (တနည်း အစိုးရခေါင်းဆောင်ဖြစ်နိုင်မှု) အခွင့်အလမ်း မရှိသလောက် နည်းပါးစေပြီး ထိုမှတစ်ဆင့် ပုဒ်မ ၂၀၁ ရှိ ကာလုံကောင်စီ[11] ကိုယ်စားပြုမှုတွင်ပါ တန်းတူမှုမရှိနိုင်တော့ခြင်းဖြစ်သည်။ Edrisinha ၏ အဆိုအရ အဖွဲ့ဝင်ပြည်နယ်များ ဗဟို(ပြည်ထောင်စု)၌ ကိုယ်စားပြုမှုရှိစေရန်ရှိစေရန် တွန်းအားဖြစ်စေသည့် အထက်လွှတ်တော်ဆိုင်ရာ အကြောင်းတစ်ရား

[11] အသေးစိတ်အား ၂၀၀၈ ခြေ/ဥ ပုဒ်မ ၂၀၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်ကြည့်ရန်။ ပြည်နယ်များကိုကိုယ်စားပြုနိုင်သည့် တစ်ခုတည်းသော နေရာမှာ အမျိုးသားလွှတ်တော်ဖြစ်နေသည်။

နှစ်ခုရှိသည်ဟုဆိုသည်။ ပထမတစ်ချက်မှာ ခွဲဝေထားသည့် လုပ်ပိုင်ခွင့် အာဏာများကို ကာကွယ်ရန်ဖြစ်ပြီး ဒုတိယတစ်ချက်မှာ အမျိုးသားညီညွတ်ရေးကို ကာကွယ်ရန်ဆိုသည့် အကြောင်းတရား ဖြစ်သည်ဟုဆိုသည် (Endrisinha, 2014)။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် တင်ကူးလက်ဦးမှုဖြင့် ဖွဲ့စည်းပုံ ပြဌာန်းရေး (pre-emptive Constitution making) အစီအမံအရသော်လည်းကောင်း၊ လက်တွေ့ကျင့်သုံးမှု အနှစ်သာရသော်လည်းကောင်း အထက်ပါ အချက်နှစ်ချက်အား ပါဝင်နိုင်ခွင့်မရှိဟု ဆိုရမည်ဖြစ်သည်။

### ၁.၄.၂.၂ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

နောက်ထပ်အရေးကြီးသည့် အချက်တစ်ချက်မှာ ပုဒ်မ ၁၂(က)၊ ၁၆၁၊ ၂၆၁ အရ ပြည်နယ်အရေးအရာများအတွက် ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရများ ပေါ်လာသည်ကိုတွေ့ရသည်။ သီအိုရီအရ ဖက်ဒရယ်နိုင်ငံများနည်းတူ အစိုးရ ၂ ရပ်ထဲမှ ပြည်နယ်အစိုးရများ ပေါ်လာခြင်းဟု ယူဆစရာရှိသော်လည်း လက်တွေ့ကျင့်သုံးမှုတွင် ပြည်နယ်လွှတ်တော်ဥပဒေ၊ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ မဲဆန္ဒနယ်သတ်မှတ်ခြင်းစသည်များကို ပြည်ထောင်စုလွှတ်တော်ကသာ ပြဌာန်းရခြင်းဖြစ်သည့်အပြင် ပြည်နယ်လွှတ်တော် သက်တမ်းများအား ပြည်ထောင်စု လွှတ်တော်သက်တမ်းအတိုင်း သတ်မှတ်ထား ခြင်းဖြစ်သည်။[12] ထို့အပြင် ကိုယ်စားလှယ် အရေအတွက်အား ပုဒ်မ (၁၆၁-က)အရ ပုံသေသတ်မှတ်ထားခြင်း ဖြစ်လေရာ ပြည်နယ်အတွင်း လူမျိုးစု အသီးသီးအား ကိုယ်စားပြုနိုင်ရန် သက်ဆိုင်ရာပြည်နယ်များမှ စီမံနိုင်ခွင့် မရှိတော့ခြင်းဖြစ်သည်။ NLD ခေတ် ဖွဲ့စည်းပုံပြင်ဆင်ရေးကာလ SNLD၏ ပြင်ဆင်ချက် တင်သွင်းချက်တွင် ပုဒ်မ ၁၆၁ မှ ၁၉၈ ထို သက်ဆိုင်ရာ ပြည်နယ်များ၏ ပြဌာန်းပိုင်ခွင့်ဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်ဖြင့် ပြင်ဆင်ရန် တင်သွင်းခဲ့သော်လည်း မပြင်ဆင်နိုင်ခဲ့သည်ကို တွေ့ရသည်။

---

[12] ဤကဲ့သို့ ဗဟိုလွန်ကဲသည့် အခြေအများဖြစ်နေသည့်တိုင် ၂၀၁၈ တွင် NLD အများစု ရှိသည့် ပြည်ထောင်စုလွှတ်တော်တွင် နောက်ထပ် ဗဟိုဦးစီးမှု ဖြစ်သွားစေနုိင်သည့် မြန်မာနိုင်ငံလွှတ်တော်ဥပဒေကို ထပ်မံပြဌာန်းခဲ့သည်။

ပြည်နယ်များအရေးနှင့် ပတ်သက်ပြီး ပုဒ်မ ၂၄၈ ပြည်နယ်အစိုးရ ပေါ်လာပြီး ပုဒ်မ ၂၄၉ အရ လုပ်ပိုင်ခွင့် အာဏာ ပေးထားသည့်အတွက် ဖက်ဒရယ်နိုင်ငံများနည်းတူ သီးခြားပြည်နယ်အစိုးရ ပေါ်လာသည်ဟု ယေဘုယျ သုံးသပ်လို့ရသည်။ သို့သော် လက်တွေ့တွင် ပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကန့်သတ်ထားသည့် အချက်များစွာတွေ့ရမည်ဖြစ်သည်။ ပထမချက် အနေဖြင့် ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်ရေးတွင် ပုဒ်မ ၂၆၁ (ခ)အရ ရွေးကောက်ခံ ကိုယ်စားလှယ်ထဲမှ သမ္မတကသာ တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်ရာ လူမျိုးစုပြည်နယ်များ၏ တန်းတူတည်ရှိမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-Rule) ကို ချိုးဖေါက်ခြင်းဖြစ်သည်။ ၂၀၁၅ ရခိုင်ပြည်နယ်လွှတ်တော်တွင် ရခိုင်ပါတီမှ အများစုအနိုင်ရသော်လည်း NLD ပါတီထဲကသာ ဝန်ကြီးချုပ်ဖြစ်ခဲ့သည့် ဖြစ်စဉ်သည် ထင်ရှားသည့်သာဓက တစ်ခုဖြစ်သည်။ ပုဒ်မ ၂၆၁ နှင့်ပတ်သက်၍ ထူးခြားချက်မှာ ၂၀၁၅ ပထမအကြိမ် ဖွဲ့စည်းပုံ ပြင်ဆင်ရေးကာလတွင် ပုဒ်မ ၂၆၁ ပြင်ဆင်ရေးအား ကာကွယ်ရေးဝန်ကြီးချုပ်မှ ကန့်ကွက်ခဲ့သော်လည်း ဒုတိယအကြိမ် ပြင်ဆင်ရေးကာလတွင်မူ စစ်တပ် ကိုယ်စားလှယ်များမှ ကြံခိုင်ရေးပါတီနှင့် ပူးပေါင်း၍ ပြင်ဆင်ချက်အနေဖြင့် တင်သွင်းလာသည်ပြီး NLDမှ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်ချက် အနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ပေါ်လာသည့်တိုင် အစိုးရများ၏ အတွင်းရေးမှူးရုံးနှင့် အတွင်းရေးမှူးသည် ပုဒ်မ ၂၆၀အရ ပြည်ထောင်စုအစိုးရမှ အာဏာရှိသော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဖြစ်လေရာ လက်တွေ့လက်ဆောင်မှုများတွင် အငြင်းပွားဖွယ်ရာများ ဖြစ်စေသည်။[13] ထွေအုပ်ရုံးသည် ပြည်နယ်လွှတ်တော်ရုံး၏ နေ့စဉ်လုပ်ငန်းများအပြင် အစိုးရ၏ စာပေးစာယူ ကိစ္စများ၊ ဘတ်ဂျက်ကိစ္စရပ်များ၊ အုပ်ချုပ်ရေး ကိစ္စရပ်များ ထွေအုပ်ရုံးက စီမံခန့်ခွဲပေးသည်ဖြစ်ရာ အစိုးရများသည် ထွေအုပ်ရုံးအပေါ်တွင် အဓိက မှီခိုရခြင်းဖြစ်သည်။ ပြည်ထောင်စုထွေအုပ်ရုံးအကြီးအကဲသည် ပြည်ထဲရေး[14]နှင့် ဝန်ကြီးချုပ်ရုံးသို့ အစီရင်ခံစာတင်ရသည်ဖြစ်သည့်အတွက် အရပ်သားအစိုးအရအောက် သို့မဟုတ် ပြည်နယ်

[13] ၂၀၁၈ ခုနှစ်တွင် ပြည်ထဲရေးအောက်မှ ပြည်ထောင်စုအစိုးရအောက်သို့ ရွှေ့ခဲ့သည်တိုင် ဗဟိုအစိုးရအောက်တွင် ရှိနေသေးသည့်အပြင် စစ်တပ်၏ လွှမ်းမိုးမှုသည် အတိုင်းအတာတစ်ခုထိ ရှိနိုင်သေးသည်။

[14] ထွေ/အုပ်ရုံးများသည် ပြည်ထဲရေးဝန်ကြီးအောက်ရှိ ဌာနတစ်ခုဖြစ်ပြီး ၎င်းပြည်ထဲရေးဝန်ကြီးသည် စစ်တပ်မှ တိုက်ရိုက်ခန့်အပ်သည့် ဝန်ကြီးဖြစ်သည်။

အစိုးအရအောက် အပြည့်အဝ ထိန်းချုပ်နိုင်မှုမရှိခြင်းလည်းဖြစ်သည်။ အရေးကြီးဆုံး အချက်မှာ ပြည်နယ်အစိုးရ များ၏ လွတ်လပ်စွာ ရပ်တည်နိုင်စွမ်းကို ကန့်သတ်နေခြင်းဖြစ်သည် (Nixon et al., 2013)။

### ၁.၄.၂.၃ လုပ်ပိုင်ခွင့်များအာဏာခွဲဝေခြင်းနှင့် အရင်းမြစ်ခွဲဝေခြင်း

မြန်မာနိုင်ငံ၏ အဓိက ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာ၏ အရင်းခံသည် (၁) ပြည်နယ်များကို လုံလောက်သော အာဏာမပေးခြင်းနှင့် (၂) ပြည်ထောင်စုနှင့် ပြည်နယ်ကြား အာဏာခွဲဝေရေးကို ပီပြင်စွာ မဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်ထောင်စုစနစ်မှ သွေဖယ်၍ တစ်ပြည်ထောင်စနစ် ဖြစ်သွားခြင်းဖြစ်သည် (Federal Paper, 2021, P-4)။ ၂၀၀၈ ဖွဲ့စည်းပုံ၏ အာဏာခွဲဝေမှုပုံသဏ္ဍာန် ပြဋ္ဌာန်းချက်ကို ကြည့်မည်ဆိုလျှင် ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရတတ်သည့်ပုံစံအတိုင်း အချုပ်အခြာအာဏာ ခက်မသုံးဖြာ အား ပိုင်းခြားကျင့်သုံးသည့်အပြင် ဥပဒေပြုခွင့်အာဏာများကိုလည်း ပြည်ထောင်စုနှင့် ပြည်နယ်ကြား ခွဲဝေအပ်နှင်းသည်ဟု ပုဒ်မ ၁၇တွင် ပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။ ပုံသဏ္ဍာန်အားဖြင့် ဖက်ဒရယ်စနစ်တွင် တွေ့ရတတ်သည့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံဖြစ်နေသော်လည်း အနှစ်သာရနှင့် လက်တွေ့ကျင့်သုံးမှုအ ပိုင်းအား စောကြောဖို့လိုမည်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ လုပ်ပိုင်ခွင့် အာဏာ ဇယား (၁)နှင့် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာဇယား ၂ ကိုနှိုင်းယှဥ်ကြည့်လျှင် ပြည်ထောင်စုမှ ကဏ္ဍ ၁၁ ချက်ဖြင့် လုပ်ပိုင်ခွင့် စာရင်း ၁၃၉ ချက်ရှိသည့်အချိန်တွင် ပြည်နယ်များတွင်မူ ကဏ္ဍ ၈ ချက်ဖြင့် လုပ်ပိုင်ခွင့်စာရင်း ၄၁ ချက်ကိုသာတွေ့ရမည်ဖြစ်သည်။ ပြည်နယ်လုပ်ပိုင်ခွင့်များထဲတွင် စီးပွားရေးကဏ္ဍ အောက်ရှိ အချက် ၃ ချက်သည် ပြည်ထောင်စုမှပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိသည်ဖြစ်၍ သီးခြားလုပ်ပိုင်ခွင့်ဟု သတ်မှတ်ရန် ကန့်သတ်ချက်ရှိသည်။ USDP အစိုးရခေတ် ဖွဲ့စည်းပုံပြင်ဆင်ရေးတွင် ပြည်နယ်လုပ်ပိုင်ခွင့် ဇယား (၂) အတွင်း အကြောင်းအရာ ၃၄ ချက်နှင့် ဇယား (၅)ရှိ ပြည်နယ်အခွန် ကောက်ခံပိုင်ခွင့်အတွင်း အကြောင်းအရာ ၂၀ အားထပ်မံဖြည့်စွက်နိုင်ခဲ့သော်လည်း အသစ်ဖြည့်စွက်သည့် အချက်ပေါင်း ၅၄ချက်သည် ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီသာ ကျင့်သုံးပိုင်ခွင့်ရရှိသည့် အချက်များဖြစ်သည်။ ဥပဒေပြုဇယားတွင် ပါရှိသော စာရင်းနံပတ်များကို ကြည့် ရှုမှုဖြင့် ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အမည်ခံပြည်ထောင်စုမျှသာဖြစ်၍ ဗဟိုဦးစီးစနစ်ကို အခိုင်အမာတည်

ဆောက်ထားသော တပြည်ထောင်စနစ်ဖြစ်ကြောင်း သုံးသပ်နိုင်ခြင်းဖြစ်သည် (Sakhong, 2015)။ ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရသည့် နောက်ထပ်အရေးကြီးသည့် ကြွင်းကျန်အာဏာကိုမူ ပုဒ်မ ၉၈ အရ ပြည်ထောင်စုကို အပ်နှင်းထားသည်ကို တွေ့ရသည်။ သယံဇာတအရင်းမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ မြေယာစီမံခန့်ခွဲမှုများ၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် အဓိကျသည့် ပြည်သူ့အချုပ်ရေး၊ စီမံခန့်ခွဲရေးများ အလုံးစုံ ပြည်ထောင်စုလုပ်ပိုင်ခွင့် အောက်တွင်သာ ရှိနေခြင်းဖြစ်သည်။ ပြန်ကောက်ရလျှင် ဖက်ဒရယ်ပုံ သဏ္ဍာန် အတိုင်း ဇယား (၁)၊ ဇယား(၂) ဟူ၍ ဥပဒေပြုခွင့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေသည့်တိုင် မည်ကာမတ္တ ခွဲရုံသက်သက်ဖြစ်ပြီး အနှစ်သာရမရှိသည့်အပြင် အထက်ပါ တင်ပြခဲ့သည့် မြန်မာ့နိုင်ငံရေး ပဋိပက္ခ၏ အဓိကကျသည့် အရင်းမြစ်ခွဲဝေမှုနှင့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုများအား အနည်းအကျဉ်းမျှ ဖြေရှင်းပေးနိုင်ခြင်းမရှိဟု သုံးသပ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံ၏ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်းပုံစံသည် ဗဟိုတွင် ကြီးစိုးသည့် စစ်တပ် သို့မဟုတ် ဗမာပါတီကြီးများ၏ ကြီးစိုးခွင့်ကိုသာ အထောက်အပံ့ဖြစ်စေပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ တန်းတူညီမျှမှုကို အထောက်အပံ့ ဖြစ်စေသည့် ပုံစံမဟုတ်ဆိုသည့်အချက်ဖြစ်သည်။

အထက်ပါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ဖွဲ့စည်းပုံ (structure)၊ လက်တွေ့မှုကျင့်သုံးမှုဆိုင်ရာ အနှစ်သာရ (essence )နှင့် ၎င်းဖွဲ့စည်းပုံအလိုက် လုပ်ပိုင်ခွင့်အာဏာ (power) ခွဲဝေပေးမှု စသည်များသည် တိုင်းရင်းသားများလိုချင်သည့် ဖက်ဒရယ်ပုံသဏ္ဍာန်ပါသည် ဆိုသည့်တိုင်း အနှစ်သာရနှင့် အာဏာခွဲဝေမှု ပိုင်းတွင် အားနည်းချက်များစွာရှိနေခြင်း ဖြစ်သည်။ ၎င်းအချက်များနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံရေးဆွဲစဉ်ကာလ အမျိုးသားညီလာခံတွင် အမျိုးသားတန်းတူညီမျှရေးအတွက် ဖက်ဒရယ်အခြေခံမှုများဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြည်နယ်ဖွဲ့စည်းပုံ ရေးဆွဲခွင့်၊ ကြွင်းကျန်အာဏာ ကိစ္စရပ်များနှင့်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအတွက် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းရေး (South, 2008) စသည့်တင်ပြချက်များကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုမှ အဖွဲ့ ၁၃ ဖွဲ့ ကသော်လည်းကောင်း KIO မှ သီးခြား အဆိုပြုချက် ၁၉ ချက် (KIO Proposal) ဖြင့် သော်လည်းကောင်း ပေးပို့ခဲ့သော်လည်း အရာမရောက်

အသိအမှတ်ပြုမခံရပေ (KIO Proposal, 2007)။[15] KIO ပေးပို့သည့် အဆိုပြုချက်ထဲတွင် လူမျိုးစုလူမျိုးမှအစဉ်တစိုက်တောင်းဆိုသည့် ပြည်နယ်အစိုးရ ခန့်အပ်ပိုင်ခွင့်ကိစ္စရပ်များ၊ ရုံးသုံးဘာသာစကား ရွေးချယ်ခွင့်များ၊ တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားခွင့်၊ ထိန်းသိမ်းခွင့်အပြင် ဓလေ့ထုံးတမ်း ဥပဒေများ ကျင့်သုံးခွင့်၊ ပြည်နယ်လုံခြုံရေး ဖြစ်သည့် ရဲတပ်ဖွဲ့အား ထိန်းကျောင်းပိုင်ခွင့်စသည့် အချက်အလက်များ ပါဝင်ပြီး (KIO Proposal) ဤအချက်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(Nationwide Ceasefire Agreement (NCA)ချုပ်ဆိုသည့် ကာလ ပင်လုံညီလာခံများနှင့် အမျိုးသားအဆင့် ဆွေးနွေးမှုများတွင် ပြန်လည်တွေ့ရှိရသည့်အချက်များဖြစ်ပြီး ၂၀၀၈ ခြေ/ဥနှင့် ပြည်ထောင်စု သဘောတူစာချုပ်များတွင် မတွေ့ရသည့်အချက်များဖြစ်သည်။ NCA ကာလကို ပြန် ကြည့်လျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၅ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ပြည်ထောင်စုစနစ် တည်ဆောက်ရန် အတွက် အခြေခံရမည့် ပြည်ထောင်စု သဘောတူညီချက်ပေါင်း ၇၁ ချက်[16] ချုပ်ဆိုနိုင်ခဲ့သည်သော်လည်း တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များ၏ စစ်မှန်သည့် ဖက်ဒရယ်ဖော်ဆောင်ရေးအတွက် ဆယ်စုနှစ်ချီ တောင်းဆိုမှုများကို ဖြေရှင်းပေးနိုင်ခြင်းမရှိသေးဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်များကို ပြန်လည်ဖော်ပြခြင်းသာဖြစ်နေသည်ကို တွေ့ရသည် (Siegner, 2019,)။ ထို့အပြင် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆွေးနွေးမှုများကို ကြည့်လျှင် ဖက်ဒရယ်ပေါ် အစိုးရနှင့်စစ်တပ်၏ အမြင်များကိုတွေ့ရသည်။ ဥပမာအားဖြင့် ၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ်မြောက် ကျင်းပသည့်ကာလတွင် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွင့် ဆွေးနွေးသည့်အခါ စစ်တပ်မှ “ကိုယ်ပိုင်ပြဌာန်းခွင့်၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲခွင့်နှင့် ခွဲထွက်မှုမရှိရဆိုသည့်အချက်များအား တစ်တွဲထဲ လက်ခံရမည်ဖြစ်ပြီး” ခွဲမထွက်ရမှုကို လက်မခံလျှင် အခြားနှစ်ခုကိုလည်း လက်မခံဆိုသည့် ဆိုသည့်အချက်ကို တွေ့ရပြီး (International Crisis Group, 2017) သဘောတူညီချက်မရနိုင်သည့်အတွက် စစ်တပ်သည် ကျန်သည့်အချက်နှစ်ချက်ဖြစ်သည့် တန်းတူညီမျှရေး၊ ဖက်ဒရယ်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဆက်စပ်သည့်

---

[15] ၂၀၀၈ ဖွဲ့စည်းပုံထဲတွင် NDF နှင့် KIO အဆိုပြုခဲ့သည့်အချက် အားလုံးနီးပါး မပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။

[16] ပြည်ထောင်စု သဘောတူစာချုပ် အပိုင်း(၁) ၃၇ ချက်၊ အပိုင်း (၂)တွင် (၁၄)ချက်၊ အပိုင်း(၃) တွင် အချက် (၂၀) သဘာတူညီမှုရှိခဲ့သည်။

အခြေခံမူများ ဆွေးနွေးမှုအား ပိတ်ပင်တားမြစ်ခဲ့သည် (TNI, 2017)။ ထူးခြားချက်အားဖြင့် စစ်တပ်၏ အဆိုပြုချက်အား ယင်းကာလအစိုးရမှ ကျောထောက်နောက်ခံပြု ထောက်ခံခြင်းဖြစ်သည်။ ထိုအချက်များနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးအစုအဖွဲ့များက တပ်မတော်၏ အခြေခံမူများဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးအား လက်ခံပြီးဖြစ်၍ ခွဲမထွက်ရဆိုသည့် အပိုဒ်အား ထပ်မံ ပြဋ္ဌာန်းရန်မလိုဟု ဆိုကြသည်။[17] စတုတ္ထအကြိမ်ညီလာခံတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥဒေရေးဆွဲခွင့် ကိစ္စအား ထပ်မံဆွေးနွေးကြသော်လည်း တိုင်းရင်းသားလူမျိုးများအဆိုပြုသည့် “ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ” ဆိုသည်နှင့် “ပြည်နယ်အခြေခံ ဥပဒေ” ဆိုသည့် အခေါ်အဝေါ် ဝိဝါဒ ကွဲပြားမှုရှိခဲ့သည့်အတွက် သဘောတူညီချက် မရှိခဲ့ သည်ကို တွေ့ရသည် (Myanmar Now, 2020) (သျှမ်းသံတော်ဆင့်, 2020)။

ဤနေရာတွင် "ဒို့တာဝန်အရေးသုံးပါး" ဟူသောဝေါဟာရကို အနည်းငယ်ဖော်ပြလိုသည်။ ဒို့တာဝန်အရေးသုံး ပါး သည် ၁၉၆၂ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်၏အစဉ် တစိုက် သုံးလာခဲ့သည့် “ဖက်ဒရယ်”သည် အမျိုးသားရေးကို ဆန့်ကျင့်သည်၊ စည်းလုံးညီညွတ်ရေးကို ဆန့်ကျင်သည်၊ ခွဲထွက်ရေးကို အားပေးသည် (Kipgen, 2018) ဆိုသည့်အချက်မှ ဖြစ်ဖွားခံပြီး ၁၉၉၀ နောက်ပိုင်း အမျိုးသားညီလာခံတွင်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံတွင်လည်းကောင်း၊ အပစ်ခေတ်ရပ်ဆဲရေး သဘောတူညီချက်တွင်လည်းကောင်း၊ ပြည်ထောင်စုသဘောတူညီချက်တွင် သော်လည်းကောင်း အဓိကနေရာယူသည့် တပ်မတော်၏ ပင်မနိုင်ငံရေးမူအဖြစ် တွေ့ရသည့် အချက်ဖြစ်သည်။ ဤအရေးသုံးပါးကို အခြေပြုပြီး ၂၀၀၈ ခြေဥ္ဍပုဒ်မ ၆ အခြေခံမူများနှင့် ပုဒ်မ ၁၀ ခွဲထွက်ခွင့်မရှိ ဆိုသည့် အချက်များဖြစ်လာခြင်းဖြစ်သည်။

NCA ကာလ၏အမျိုးသားတန်းတူညီမျှရေး၏နောက်ထပ်အတားအဆီးတစ်ခုမှာ NCA စာချုပ်အရ ဖြစ်ပေါ် လာသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကဲ့သို့သော လူမျိုးများ၏ ဖက်ဒရယ် တန်းတူရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ လွတ်လပ်စွာကျင်းပခွင့်မရခြင်းဖြစ်သည်။ မြန်မာစစ်တပ်က ရခိုင်နှင့် ရှမ်းပြည်နယ် တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအား ကန့်သတ်ခြင်း၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်များတွင်

[17] လက်တွေ့တွင် NDF ကဲ့သို့သော အစုအဖွဲ့များသည် ခွဲထွက်ခွင့်အား လွန်ခဲ့သော် နှစ် ၂၀ ကျော်က တရားဝင်စွန့်လွှတ်ခဲ့ကြပြီးဖြစ်သည့်အပြင် (Seigner M, 2019) NCA လုပ်ငန်းစဉ်ကတစ်ဆင့် လက်ခံခဲ့ကြပြီးဖြစ်သည်။

ဆွေးနွေးပွဲကျင်းပမည့် နေရာအား လွတ်လပ်စွာရွေးချယ်ခွင့်မရခြင်း၊ မွန်ပြည်သစ်ပါတီမှ NCA လက်မှတ်ထိုးခြင်း ဆိုင်ရာ လူထု တွေ့ဆုံပွဲ ပြုလုပ်ရင်းစီစဉ်မှုအား စစ်တပ်မှခွင့်မပြုခြင်း[18]စသည့် အကန့်အသတ်များစွာ ရှိနေခြင်းဖြစ်သည် (BBC, 2017)။

ပြည်ထောင်စုညီလာခံတွင် နိုင်ငံရေးကဏ္ဍတွင်သာ အနှစ်သာရရှိသည့် သဘောတူညီချက်မရရှိခြင်း မဟုတ်ပဲ မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှုကဏ္ဍများတွင်ပါ ယေဘုယျဆန်ဆန် အချက်များအပ သဘောတူညီချက် မရသည်ကိုတွေ့ရသည်။ KPSN[19] ၏ ၂၀၁၈ အစီရင်ခံစာတွင် "မြေယာထိန်းချုပ်၊ စီမံခန့်ခွဲမှုနှင့် ပိုင်ဆိုင်ခွင့်သည် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်အတွင်း အဓိကကျသော ကိစ္စတစ်ခုဖြစ်ပြီး ပဋိပက္ခ၏ မူလအရင်းမြစ်လည်း ဖြစ်သည့်အပြင် တိုင်းရင်းသားအဖွဲ့အစည်းများ တာရှည်စွာ တော်လှန်တိုက်ပွဲဝင် တောင်းဆိုလာခဲ့သော တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့၏ ပင်မအချက်လည်း ဖြစ်သည် ဟုဆိုသည် (KPSN, 2008, July)။ ၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ ၃၇ အရ မြေအားလုံးနှင့် မြေပေါ်မြေအောက် သံဇာတအားသည် နိုင်ငံတော်ပိုင်ဟုဆိုသည့်အတွက် တိုင်းရင်းသားများ၏ မြေယာစီမံခန့်ခွဲခွင့်နှင့် သယံဇာတ စီမံခန့်ခွဲခွဲတို့အား အပြီးအပိုင် သိမ်းယူထားသောပုဒ်မဖြစ်သောကြောင့် ပြည်ထောင်စု သဘောတူစာချုပ်တွင် ချုပ်ဆိုရင်နိုင် ကရင်အမျိုးသားအဆင့်ဆွေးနွေးမှုမှ သဘောတူညီချက်များကို တင်သွင်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၎င်းသဘောတူညီများတွင်အဓိကအားဖြင့် (၁) မြေယာသည် တိုင်းရင်းသား ပြည်သူပိုင် ဖြစ်ခြင်း (၂) အဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်နှင့် ကိုက်ညီသည့် မြေယာဥပဒ ပြဋ္ဌာန်းခွင့်ရှိခြင်း (၃) ပြည်နယ်အစိုးရ မြေယာစီမံခန့်ခွဲခွင့်ပိုင်ခွင့်ရှိခြင်းစသည့် အချက်များဖြစ်ပြီး ပင်လုံညီလာခံအတွက် တင်သွင်းရာတ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းအဆင့်မှာတင် စစ်တပ်ကိုယ်စားလှယ်မှ ၂၀၀၈ နှင့်မညီဟု ဆိုကာ ပယ်ချခံရပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ-Union Peace Dialogue Joint Committee (UPDJC) ၏ လုပ်ငန်းကော်မတီသို့ရောက်သောအခါ မြေယာနှင့် သက်ဆိုင်သည့်အကြံပြုချက်များ တစ်ခုမှ ပါမလာဟုဆိုသည် (KPSN, 2008, July)။ ပထမကြိမ်

[18] အမျိုးသားညီလာခံကာလတွင်လည်း ထိုကဲ့သို့ လူထုတွေ့ဆုံပွဲများကန့်သတ်သည်ကို တွေ့ရပြီး တောင်ကြီးမြို့တွင် အမျိုးသားညီလာခံနှင့်ပတ်သက်သည့် လူထုတွေ့ဆုံပွဲပြုလုပ်သည့် SNLD ဥက္ကဋ္ဌ အဖမ်းခံခဲ့ရသည်။

[19] Karean Peace Support Network

ပြည်ထောင်စု သဘောတူစာချုပ်တွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ အချက် ၁၀ ပါဝင်လာသော်လည်း တိုင်းရင်းသားလူမျိုးများမှ တင်သွင်းသည့် မြေယာနှင့်တပ်သက်သည့် အချက်များ တစ်ခုမှ မပါဝင်နိုင်ခဲ့သည့်သာမက ၂၀၀၈ ဖွဲ့စည်းပုံအောက်မှ အငြင်းပွားဖွယ်ရာများစွာဖြင့် ထွက်ပေါ်လာသည့် "အမျိုးသား မြေအသုံးချမှုဝါဒပါ အချက်များနှင့်တူသည့် အချက်များသာ သဘောတူညီမှုရသည်ကို တွေ့ရသည်။

အနှစ်ချုပ်ပြန်ကောက်ရလျှင် ၂၀၀၈ ဖွဲ့စည်းပုံသည် တချို့သောအပိုင်းများတွင် ဖက်ဒရယ်ကဲ့သို့သော ပုံသဏ္ဍာန်များပါဝင်သည့်တိုင် အနှစ်သာရအားဖြင့် တန်းတူညီမျှမှုကို ဖြစ်စေသည့် တည်ဆောက်ပုံ၊ လက်တွေ့ကျင့်သုံးမှုများ မတွေ့ရခြင်းဖြစ်သည်။ အကြောင်း ၃ ရပ်ကိုတွေ့ရသည်။ ပထမအချက်မှာ စစ်တပ်၏ စစ်တစ်ပိုင်းနိုင်ငံတော် (military-state) ပုံဖော်မှုကြောင့်ဖြစ်သည်။ အကြောင်းမှာ ရွေးကောက်ခံတစ်ပိုင်း စစ်တပ်တစ်ပိုင်းဖြင့် ဒီမိုကရေစီအပြည့်အဝမလိုပဲ စစ်တပ်သည် နိုင်ငံဦးဆောင်မှု အခန်းကဏ္ဍတွေ ရှိနေနိုင်ခြင်းကြောင့် တန်းတူညီမျှမှုကိုဖြစ်စေသည့် ဖက်ဒရယ်တည်ဆောက်ရေး အကန့်အသတ်ဖြစ်စေသည်။ ဒုတိယအချက်မှာ တင်ကူးလက်ဦးမှုယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (pre-emptive constitution) ကြောင့်ဖြစ်သည်။ ၎င်းသည် ပထမအချက်နှင့် ဆက်စပ်နေပြီး တန်းတူရေးနှင့် ဖက်ဒရယ်အပြင် ဒီမိုကရေစီစနစ်အား တင်းပြည့်ကျပ်ပြည့်မရနိုင်ရန် ကြိုတင်စီမံထားသော အစီအမံ အသေးစိတ်ဖြစ်သည်။ ပြည်ထောင်စု/ဗဟိုကိုသာ လုပ်ပိုင်ခွင့်ပိုပေးခြင်း၊ ပြည်နည်များအား လုပ်ပိုင်ခွင့်အနည်း အကျဉ်းသာ ပေးသည့်အပြင် ပြည်နယ်များ၏ လူမျိုးရေးအရ တည်ရှိမှုကို အသိအမှတ်မပြုခြင်းစသည့်အကြောင်း အရာများအပြင် ငြိမ်းချမ်းရေးညီလာခံကာလ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရွေးဆွဲရေးကိစ္စ၊ မြေယာ ကိစ္စများ၊ ကိုယ်ပိုင်ပြဌာန်းခွင့် စသည့် အခြေအနေများပေါ် မြန်မာစစ်တပ်၏ တုံ့ပြန်မှုကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ တစ်နည်းအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံရှိ စစ်တပ်၏ နိုင်ငံရေး အကျိုးစီးပွားနှင့် စစ်တပ်ခေါင်းဆောင် များအား အကျိုးအမြတ်ရစေသည့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ကုန်ထုတ်လုပ်မှုနည်းလမ်းနှင့် သွင်းအားစုများ (means of production) (မိုင်း၊ သတ္တု၊ သဘာဝသယံဇာတ၊

ရေနံအပါအဝင်၊ ရင်းနှီးမြုပ်နှံမှုများ) များ ထိခိုက်မည့် မည်ကဲ့သို့သော တန်းတူရေး ဖက်ဒရယ်မဆို တင်ကြိုလက်ဦးမှုယူ ကန့်သတ်ရန် စီမံသောဖွဲ့စည်းပုံကြောင့်ဖြစ်သည်။ တတိယအချက်မှာ စစ်တစ်ပိုင်း နိုင်ငံတော် (military state) ပုံဖော်မှုအောက်ရှိ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များမှ စစ်တစ်ပိုင်း နိုင်ငံတော် (military-state) ဖြင့်အခြေပြုမှုအား သွယ်ဝိုက်သောအားဖြင့် အထောက်အပံ့ ပြုမှုကြောင့် ဖြစ်သည်။ အကြောင်းမှာ ရွေးကောက်ခံ အစိုးရများ၏ ငြိမ်းချမ်းရေး အခန်းကဏ္ဍများ တွင်ပါဝင်မှုနှင့် ဖွဲ့စည်းပုံအရလုပ်ပိုင်ခွင့်များ ကျင့်သုံးခြင်းများကိုကြည့်လျှင် တန်းတူညီမျှရေးမှုထက် လုပ်ပိုင်ခွင့်အပြည့်အဝ အသုံးချရေး ဖြစ်လေရာ ရှိရင်းစွဲ ၂၀၀၈ ဖွဲ့စည်းပုံ၏ တန်းတူညီမျှမှုမရှိခြင်းကို အထောက်အပံ့ ဖြစ်စေသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ၂၀၀၈ ဖွဲ့စည်းရေးဆွဲစဉ်ကာလ သော်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရရ သော်လည်းကောင်း၊ ဖွဲ့စည်းပုံအား လက်တွေ့ကျင့်သုံးရာတွင် သော်လည်းကောင်း (NCA ကာလအပါအဝင်) ဖက်ဒရယ်ဆန်သည့် ဖွဲ့စည်းတည်ဆောက်မှုများ တွေ့ရသည့်တိုင် တန်းတူညီမျှမှုကို အခြေခံသည့် သို့ဟုတ် တန်းတူညီမျှမှုကို ကိုယ်စားပြုသည့် အနှစ်သာရရှိသည့် ဖက်ဒရယ် အစီအမံများ မတွေ့မြင်ရဟုသာ ဆိုရမည်ဖြစ်သည်။

## ၁.၅ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း သိသာထင်ရှားသည့် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ စွာထဲမှ "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ပေါ်ပေါက်လာခြင်းသည် အရေးကြီးသည့် အရွေ့တစ်ခုဖြစ်ပြီး ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေး အတွက် ပင်လုံတွင်လက်မှတ်ထိုးခဲ့ကြသည့် ပင်လုံသဘောတူညီချက်နောက်ပိုင်းတွင် အခိုင်မာဆုံး အားအကောင်းဆုံး နိုင်ငံရေးဆိုင်ရာ ပဋိညာဉ်ဟုဆိုကြသည်။

ပဋိညာဉ်တွင် အစိတ်အပိုင်း ၂ ခု ပါဝင်သည်။ ပထမအစိတ်အပိုင်းသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်းဖြစ်ပြီး ၎င်းသည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အတွက်



အမျိုးသားတန်းတူရေး

အခြေခံရမည့် လမ်းပြမြေပုံများ၊ အခြေခံမူများ၊ အင်္ဂါရပ်များ၊ စံနှုန်းများ၊ သဘောတူညီချက်များ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဒုတိယပိုင်းသည် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအမံနှင့်သက်ဆိုင်သည့် အပိုင်းဖြစ်ပြီး ကြားကာလ ရည်မှန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံအသစ် ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပါဝင်သည်ကိုတွေ့ရသည်။ အစိတ်အပိုင်း(၁)ရှိ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများကို ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အဓိကဦးဆောင်ရွက်ပြု ရေးဆွဲခြင်းဖြစ်ပြီး နယ်ပယ်အသီးသီးမှ လှုပ်ရှားဆောင်ရွက်သူများနှင့် တိုင်းပြည်နိုင်းကာ သဘောတူခဲ့ကြခြင်း ဖြစ်သလို ပဋိညာဉ်အစိတ်အပိုင်း ၁ သည် အားလုံးပါဝင်ခြင်းနှင့် စုပေါင်းဆုံးဖြတ်ချက်ချခြင်းအတွက် မှတ်ကျောက်တစ်ခု ဖြစ်သည်ဟုတစ်ချို့က ဆိုသည် (Chan & Ford, 2021, IDEA, 2022)။ အစိတ်အပိုင်း ၂ ကိုမူ နယ်ပယ်အသီးသီးမှ ပါဝင်ပတ်သက်သူများအား တိုင်ပင်ဆွေးနွေးမှု အနည်းအကျဉ်းမျှဖြင့် NLD မှရေးဆွဲ ခဲ့ခြင်းဖြစ်ရာ အပိုင်း (၁)ကဲ့သို့ ပြတ်ပြတ်သားသား ထောက်ခံမှု မရှိခဲ့သလို (VOA News 2021) အချို့သော တိုင်းရင်းသားများကလည်း သဘောတူညီမှုမရှိခဲ့ဟုဆိုသည် (IDEA 2022)။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democracy Charter-FDC)နှင့် ဆက်စပ်ပြီး အမျိုးသားတန်ရေးဆိုင်ရာများကို စောကျောနိုင်ရန် အနည်းငယ် ဆွေးနွေးသွားမည်။

### ၁.၅.၁ ဖက်ဒရယ်လမ်းညွှန်မှုများနှင့် ပဋိညာဉ်အစိတ်အပိုင်း (၁)

အထက်ပါဆိုခဲ့သည့်အတိုင်း ပဋိညာဉ်အစိတ်အပိုင်း(၁) သည် အဖွဲ့အစည်းအသီးသီးမှ ထောက်ခံမှုရခဲ့သည့် အစိတ်အပိုင်းဖြစ်ပြီး စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပြီးသတ်ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး၊ အရပ်သားပြည်သူ့အစိုးရပေါ်ထွန်းရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်ရွယ်သည်ဟု ဆိုသည်။ အစိတ်အပိုင်း (၁)တွင် လမ်းပြမြေပုံအပိုင်းနှင့် ဖက်ဒရယ်မျှော်မှန်းချက်၊ စံတန်ဖိုးများနှင့် လမ်းညွှန်အခြေခံမူ

များအပိုင်းဟူ၍ အပိုင်း ၂ပိုင်း ပါရှိပြီး လမ်းပြမြေပုံအပိုင်းတွင် အဆင့် ၁၂ ဆင့် ပါဝင်သည်ကို တွေ့ရသည်။[20] ပထမအကြိမ် ညီလာခံ ကျင်းပချိန်တွင် အဆင့် ၁ မှ ၆ ထိ ပြီးမြောက်ခဲ့ပြီဖြစ်သည်ဟုဆိုသည်(Aungdin, 2022)။

ဖက်ဒရယ်ဖော်ဆောင်ရေးလမ်းညွှန်အခြေခံမူများသည်[21] Federal Democracy Charter-FDC ၏ ဖက်ဒရယ်ဆိုင်ရာအနှစ်သာရနှင့် တိုင်းရင်းသား လူမျိုးများ၏ အစဉ်တစိုက်အဆိုပြုသည့် အချက်များကို အများဆုံးလွှမ်းခြုံနိုင်သည့်အပိုင်းဟု ဆိုရမည်ဖြစ်သည်။ ၎င်းသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (Federal Constitution Drafting and Coordinating Committee - FCDCC) ၏အခြေခံဥပဒေမူကြမ်းကို အခြေခံထားသည်ဟုဆိုသည် (IDEA, 2022)။ မူလပဋိညာဉ်တွင် ၃၇ ချက်ရှိပြီး ပြင်ဆင်ချက်အသစ်တွင် ၆၃ ချက်ထိဖြည့်စွက်ထားခြင်းဖြစ်သည်။ အချို့အချက်များကို လေ့လာ ကြည့်လျှင် ပြည်ထောင်စုသည် "ပြည်နယ်အဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များ အတွင်းရှိ ပြည်သူတို့ သည် အချုပ်အခြာအာဏာ၏ မူးရင်းပိုင်ရှင်ဖြစ်သည်"[22] ဟု ပြဌာန်းထားသည်ကိုတွေ့ရပြီး ၎င်းသည် ၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ပြဌာန်းချက်များအပြင်၊ ပြည်ထောင်စု သဘောတူညီချက် အပိုင်း(၁)များနှင့် အနှစ်သာရအားဖြင့် ခြားနားမှုများစွာရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။[23] ပြည်နယ်များ လွတ်လပ်စွာ စုစည်းမှုဖြင့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာခြင်း ဖြစ်သည့်အတွက် ပြည်ထောင်စု၏ မူလပိုင်ရှင် သည် ပြည်နယ်များ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွင့်ဖြစ်သည်။[24] အစိုးရ ၂ ရပ်၏ လုပ်ပိုင်ခွင့်အာဏာများခွဲဝေခြင်းနှင့် ၎င်းလုပ်ပိုင်ခွင့်များ ရှင်းရှင်းလင်း လင်းဖြစ်စေရန်

---

[20] အသေးစိတ်အား ဖက်ဒရယ်ပဋိညာဉ် အစိတ်းအပိုင်း (၁) အခန်း ၃ တွင် ကြည့်ရန်။

[21] အစိတ်အပိုင်း (၁) အခန်း (၄) အပိုင်း (၂)ပါ

[22] အပိုင်း (၂) အပိုဒ် ၄၊

[23] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄)၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃)၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃)၊ ပြည်ထောင်စုသဘောတူညီချက် အပိုဒ်(၁) များတွင် "နိုင်ငံသားများထံမှ ဆင်းသက်သည်" ဟုပြဌာန်းသည်ကို တွေ့ရသည်။ ပဋိညာဉ်ပါ ပြဌာန်းချက်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ဘုံသဘောထားရပ်တည်ချက် အပိုင်ဒ် ၂-၁ နှင့် တူညီသည်ကို တွေ့ရသည်။

[24] အပိုဒ် ၁၂

အာမခံပေးသည့် အရေးကြီးဆုံးအချက်သည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြစ်သည်။ ၁၉၄၇ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းဟု ဆိုနိုင်သည့် အစိတ်အပိုင်းတချို့ ပါဝင်သည့်တိုင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွဲ့မရှိခဲ့ချေ။[25] တတိယအချက်မှာ ဗဟိုနှင့် ပြည်နယ် ပူးတွဲလုပ်ရမည့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေရေးကို ပြဋ္ဌာန်းထားပြီး အရေးကြီးဆုံး အချက်အနေဖြင့် ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သော အခွင့်အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းရမည် ဆိုသည့်အချက်ဖြစ်သည်။[26] ထို့အပြင် ဘဏ္ဍာရေးဆိုင်ရာအာဏာခွဲဝေမှုကို အသိအလင်း ပြဋ္ဌာန်းထားသည် ကိုတွေ့ရပြီး ယန္တရားသီးခြားစီရှိရမည်ဟု ဆိုသည်။[27] မြန်မာနိုင်ငံ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုချက်များ၏ အဓိကအချက်တစ်ချက်ဖြစ်သော မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းအပိုင်းတွင်လည်း "ပြည်နယ်များက လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်ဖြစ်ပြီး မူလပိုင်ရှင်သည် ပြည်နယ်တွင်း နေထိုင်သည့် ပြည်နယ်သား များဖြစ်သည်[28]ဟု ပြဋ္ဌာန်းထားသည်။ ဤပြဋ္ဌာန်းချက်သည် အထက်ပါဆိုခဲ့သည့် မူဝါဒ အပိုဒ်(၄)ပါ အချုပ်အခြာအာဏာ ပြည်နယ်များမှ ဆင်းသက်သည် ဆိုသည့်အချက်အပြင် ဓလေ့ထုံးတမ်းဥပဒေများ၊ ဌာနေအခွင့်ရေးများနှင့် တိုက်ရိုက်ဆက်စပ်သည့် အရာဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှမှု ဆိုင်ရာ ဆိုပြုချက်များနှင့် ထပ်တူနီးပါးကျသည့် မူဝါဒများ ဟုဆိုရမည်ဖြစ်သည်။ ထူးခြားချက်အနေဖြင့် ပြည်နယ်သစ်များ ဆိုင်ရာ ကိစ္စများသို့မဟုတ် ပြည်ထောင်စု အဖွဲ့ဝင်များဆိုင်ရာ သတ်မှတ်ချက်များ (ဥပမာ ၈ ပြည်နယ်မူ၊ ၁၀ ပြည်နယ်မူ၊ ၁၄ ပြည်နယ်မူ သို့မဟုတ်အခြား)၊ ၎င်းနှင့်သက်ဆိုင်သည့် မူဝါဒများ မပါရှိခြင်းဖြစ်သည်။ ၎င်း ဗမာပြည်နယ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ "ပဋိညာဉ်ထဲမှာပါတဲ့ လမ်းပြမြေပုံပါ အတိုင်း ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ရန်အတွက် ပါလီမန်လွှတ်တော်

[25] ၂၁ ရာစု ပင်လုံညီလာခံကာလတွင်လည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခင့်ကိစ္စ ဆွေးနွေးကြသော်လည်း စစ်တပ်မှ၎င်းကိစ္စအား ကန့်ကွက်သည့်အတွက်ကြောင့် သဘောတူညီမှုမရခဲ့ခြင်းဖြစ်သည်။

[26] အပိုဒ်၆

[27] အပိုဒ် ၁၈၊ ၁၉ ။ ၂၀၀၈ ဖွဲ့စည်းပုံ ဇယား ၅ တွင် အခွန်ကောက်ခံခွင့် အနည်းအကျဉ်းသာ ပါဝင်ပြီး နောက်ထပ် ဖြည့်စွက်ချက်များမှာလည်း ပြည်ထောင်စု၏ ပြဋ္ဌာန်းချက်အရသာ ကောက်ခံခွင့်ရှိသည့် အခွင်များဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

[28] အပိုင်း (၂)၊ အပိုဒ် ၂၀၊ ၂၁

ကျင်းပမှာဖြစ်ပါတယ်။ ဖက်ဒရယ်ယူနစ် ဖွဲ့စည်းတည်ဆောက်မှုကို အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲရမှာဖြစ်ပါတယ်” ဟု ကြားကာလအမျိုးသားညီညွတ်ရေးအစိုး ရကာကွယ်ရေးဝန်ကြီး ဦးရည်မွန်မှ Irrawaddy News တွင် ဖြေကြားခဲ့သည်ကို တွေ့ရသည် (The Irrawaddy, 2021)။ KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လကမှ “ပြည်ထောင်စု တန်းတူ အခွင့်အရေးကျင့်သုံးဖို့ ဖက်ဒရယ်ယူနစ် ဗမာပြည်နယ် ပေါ်ပေါက်ဖို့လိုတယ်လို့” လို့ ပြောခဲ့ပါသည် (Federal Journal, 2023)။[29] အထက်ပါအကြောင်းအရာများကို ကြည့်လျှင် ပဋိညာဉ်အပိုဒ် ၁ သည် တိုင်းရင်းသားလူမျိုးများ အစဉ်တစ်စိုက်တောင်းဆိုကြသည့် ကိုယ်ပိုင်ပြဋ္ဌာန်း၊ တန်းတူရေးနှင့် ဖက်ဒရယ်ဆိုင်ရာစံနှုန်းနှင့် မူအများစု လွှမ်းခြုံနိုင်သည်ဟုဆိုရမည်။ သို့သော် အမျိုးသားတန်းတူညီမှု အတွက် ထောက်ပြခဲ့ကြသည့် ဗမာပြည်နယ်ဖွဲ့စည်းရေးကဲ့သို့သော အချက်များ မပါဝင်သည့်အပြင် ဤပဋိညာဉ်ဖြစ်စဉ်တွင် မပါဝင်သေးသည့် လူမျိုး သို့မဟုတ် နိုင်ငံရေးအင်အားစုများစွာ ရှိနေသေးသည်ဖြစ်ရာ စံနှုန်းအားဖြင့်ပြည့်စုံသည့်တိုင် အမျိုးသားတန်းတူညီမျှရေးအား ကိုယ်စားပြုနိုင်မည့် ကိုယ်စားပြုမှုဆိုင်ရာနှင့် အစိတ်ပိုင်း ၁ ပါ သဘောတူညီချက်များ အကောင်ထည်အဖော်မည့် အပိုင်းတွင် စိန်ခေါ်မှု ကြီးမားစွာ ရှိနေအုံးမည်ဖြစ်သည်။

## ၁.၅.၂ ပဋိညာဉ်အစိတ်အပိုင်း ၂ နှင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ

ပဋိညာဉ်၏ အစိတ်အပိုင်း ၂ သည် ငြင်းခုံမှုအများဆုံးအပိုင်းဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်မပြဋ္ဌာန်းမီအထိ အကြိုးဝင်မည့် ပြဋ္ဌာန်းချက်လည်း ဖြစ်သည်။[30] ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာအစီအမံတွင် အခန်း ၁၂ ခန်းပါဝင်ပြီး ကြားကာလ အစိုးရ၏ လုပ်ငန်းတာဝန်၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ပြည်နယ်ယူနစ်များ၏ အခန်းကဏ္ဍဆိုင်ရာနှင့်

[29] KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လက “စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သွားနေပြီဆိုတာ ပြသဖို့အတွက် ပြည်ထောင်စု တန်းတူ အခွင့်အရေးကို ကျင့်သုံးပြဖို့ လိုပါတယ်။ အဲဒီထဲမှာ ဖက်ဒရယ်ယူနစ် တစ်ခုဖြစ်တဲ့ ဗမာလူမျိုးများကို အခြေခံတဲ့ ဗမာ ပြည်နယ် ပေါ်ပေါက်လာရေးအတွက် အကောင်အထည်ဖော်ပြဖို့လိုတယ်။ လူများစုဖြစ်တာကြောင့် အခွင့်အရေး ပိုကျင့်သုံးခွင့်ရှိတယ်ဆိုတဲ့ အယူအဆတွေကိုလည်း လက်တွေ့ဆန့်ကျင်ပြရမယ်”လို့ ၆၂ နှစ်မြောက် ကချင်လွတ် မြောက်ရေးအဖွဲ့(KIO)၏ တော်လှန်ရေးနေ့ မိန့်ခွန်းမှာ ထည့်သွင်း ပြောဆိုခဲ့တာဖြစ်ပါတယ်

[30] အစိတ်အပိုင်း ၂ အခန်း ၁၁၊ အပိုဒ် ၆၀။

အသွင်ကူးပြောင်းရေး ကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ၊ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ စသည့်အပိုင်းများ ပါဝင်သည်။ နိဒါန်းရေးသားချက်အရ အစိတ်အပိုင်း ၁ ပါ ပြဋ္ဌာန်းချက်များ လက်တွေ့အကောင်အထည် ဖော်ရန်နှင့် လမ်းပြမြေပုံ အဆင့်အဆင့်အား လက်တွေ့အကောင်အထည် ဖော်ရန်အလို့ငှာ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ အစီအမံ၊ ပဋိညာဥ်အစိတ်အပိုင်း ၂ အား ပြဋ္ဌာန်းခြင်းဖြစ်သည် ဟုဆိုသည်။ အစိတ်အပိုင်း ၂ အရ ပြည်ထောင်စု ကိုယ်စားပြုကော်မတီ ကော်မတီ (CRPH)[31]၊ အမျိုးသားညီညွတ်ရေး အစိုးရ (NUG)[32]နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)[33] ဟူသည့် အရေးကြီးသည့် အစိတ်အပိုင်း (၃) ပိုင်းဖြစ်ပေါ်လာသည်ဟုဆိုရမည်ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုလျှင် CRPH သည် ကြားကာလ၏လိုအပ်သော ဥပဒေများကို ရေးဆွဲရန်ဖြစ်သည်။[34] CRPH ဖွဲ့စည်းမှုဆိုင်ရာအား ပဋိညာဉ်တွင် ဖော်ပြထားသော်လည်း အဖွဲ့ဝင် ဦးရေ သတ်မှတ်ချက်၊ လုပ်ငန်းတာဝန် အသေးစိတ်နှင့် တာဝန်ခံမှုများကိုမူ မတွေ့ရှိရပေ။ သို့သော် CRPH တွင် ပါဝင်သည့်အများစုမှာ NLD ပါတီဝင်များဖြစ်ပြီး[35] ကြားကာလ အစိုးရ ဖွဲ့စည်းရေးကဲ့သို့သော အခွင့်အာဏာများလည်းရှိသည့် ကော်မတီဖြစ်သည်။[36] ၎င်းသည် တိုင်းရင်းသားလူမျိုးစု များမှ NLD ၏ ဩဇာလွှမ်းမိုးအား သံသယဖြစ်စေသည့် အဓိက အချက်များထဲမှ တစ်ခုအပါအဝင် ဖြစ်သည့်အပြင် ၂၀၀၈ ဖွဲ့စည်းပုံ၏ ဗမာလွှမ်းမိုးမှုအသားပေးသည့် ပုံသဏ္ဌာန်အား ဆက်လပ်တည်တံ့ စေသကဲ့သို့ ဖြစ်စေသော အချက်လည်းဖြစ်ပါသည်။ ရှုပ်ထွေးသည့် ပြဋ္ဌာန်းချက်တစ်ခုမှာ ပြည်ထောင်စု လွှတ်တော်နှင့် CRPH ၏ လုပ်ပိုင်ခွင့်များဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အခန်းကဏ္ဍအား အပိုဒ် ၃၂ တစ်နေရာတွင်သာ ဖော်ပြထားသည်ကို တွေ့ရသည်။

31 Committee Representative for Phyithaungsu Hluttaw

32 National Unity Government

33 National Unity Consultative Council

34 အစိတ်အပိုင်း ၂၊ အခန်း (၅)၊ ၂၈၊ ၂၉၊ ၃၀

35 ၂၀၂၂ နှောင်းပိုင်းထိ အဖွဲ့ဝင် စုစုပေါင်း ၂၀ ဦးတွင် ၁၇ ဦးသည် NLD ပါတီမှဖြစ်သည်

36 အစိတ်အပိုင်း ၂၊ အခန်း (၆)၊ ၃၅

နောက်ထပ်အရေးကြီးသည့် အစိတ်အပိုင်းမှာ အမျိုးသားညီညွတ်ရေးအစိုးရ NUG ဖြစ်သည်။ CRPH သည် NUCC ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် NUG ကို ဖွဲ့စည်းခြင်းဖြစ်ပြီး[37] ပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံတို့အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့ဖြစ်သည်။[38] နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ သံတမန်ရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး အပိုင်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များရေးသားပြဌာန်းသည့်အပြင် NUG သည် NUCC ၏ ကော်မတီ၊ ကော်မရှင်များတွင် ကိုယ်စားပြုခွင့်ရှိနေခြင်းဖြစ်သည်။[39] လက်ရှိ ဤ စာတမ်းရေးနေသည့် အချိန်ထိ NUG အား နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်များအပါအဝင် ဝန်ကြီးဌာန ၁၈ ခုဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်အတိုင်ပင်ခံကောင်စီ သို့မဟုတ် NLD ပါတီဝင်မဟုတ်သည့် ကိုယ်စားလှယ်များ ပါဝင်သည့်တိုင် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ဘဏ္ဍာရေးကဲ့သို့သော အရေးကြီးသည့် ဝန်ကြီးဌာနများတွင် NLD အမတ်များဖြစ်သည်ကို တွေ့ရသည်။ အခန်း ၄ တွင် လုပ်ငန်းတာဝန်များ ဆိုင်ရာအား ဖော်ပြထားသော်လည်း တာဝန်ခံမှုပိုင်းဆိုင်ရာနှင့် အသေးစိတ်ကိစ္စရပ်များ၊ ထိန်းကျောင်းမှုဆိုင်ရာ များအား သိပ်မတွေ့ရှိရပဲ အစိုးရဖွဲ့စည်းမှုပိုင်းတွင် ၂၀၀၈ အငွေ့အသက်များ မြင်တွေ့နေရဆဲ ဖြစ်သည် (IDEA, 2022)။ NUG အနေဖြင့် စီမံချက်များကို NUCC နှင့် ညှိနှိုင်း၍ အတည်ပြုပြဌာန်းနိုင်သည်ဟုဆိုသည်။

ပဋိညာဉ်အစိတ်အပိုင်း ၂ ခုတွင် အရေးကြီးဆုံး နိုင်ငံရေးပလပ်ဖောင်းဟုဆိုနိုင်သည့် NUCC သည် ပဋိညာဉ်စတင်ရေးဆွဲသည့် ၂၀၂၁ မတ်လ အစောပိုင်းတွင် ဖွဲ့စည်းခဲ့သည်တိုင် ပထမအကြိမ် ပြည်သူ့ညီလာခံ ကျင်းပသည့်အချိန်မှသာ အတည်ပြုနိုင်ခြင်းဖြစ်ပြီး အစုအဖွဲ့ ၅ စုအတွင်း[40] အဖွဲ့အစည်းပေါင်း ၃၃ ဖွဲ့ ပါဝင်ခဲ့သည်။ ၎င်းအစုအဖွဲ့တွင် CHRH နှင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင်ဖြစ်သည်။ NUCC ၏ အဓိက လုပ်ငန်းဆောင်တာများမှာ ပဋိညာဉ်ကို ဦးဆောင်ရေးဆွဲရန်၊

[37] အစိတ်အပိုင်း ၂၊ အခန်း ၆၊ အပိုဒ် ၃၅

[38] အစိတ်အပိုင်း ၂၊ အခန်း (၄) အပိုဒ် ၂၀

[39] အစိတ်အပိုင်း ၂၊ အခန်း (၄) အပိုဒ် ၁၈

[40] CRPH ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ သမဂ္ဂ၊ လူငယ်၊ CDM များ၊ သပိတ်ခေါင်းဆောင်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ကြားကာလ/ ဖက်ဒရယ်ယူနစ် ကိုယ်စားပြု အဖွဲ့အစည်း ကောင်စီများ။ အစိတ်အပိုင်း (၂) အခန်း (၃)၊ အပိုဒ် ၁၅

အင်အားစုများ စုစည်းနိုင်ရန်နှင့် အားလုံးပါဝင်လာနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးရန်၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ရန်၊ အသွင်ကူးပြောင်းမှု ဆိုင်ရာ အစီအမံများ ညီလာခံသို့ တင်ပြအတည်ပြုချက်ယူရန်၊ အသွင်ကူးပြောင်းရေးကာလ အဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကို ဦးဆောင်ရန် စသည့်အချက်များ ပါဝင်သည်။[41] ထို့အပြင် အခန်း ၈ အရ ပြည်ထောင်စုနှင့် ဖက်ဒရယ်ယူနစ်များအကြား ဥပဒေပြုရေး တရားစီရင်ရေးဆိုင်ရာများကို NUCC တွင် တိုင်ပင်ညှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဆိုရလျှင် NUCC သည် အမြင့်ဆုံး မူဝါဒရေးဆွဲရေးအဖွဲ့ဖြစ်သလို မတူကွဲပြားသည့် နိုင်ငံရေးအုပ်စုများ အများဆုံး ကိုယ်စားပြုနိုင်သည့် အခင်းအကျင်းဟု ယေဘုယအားဖြင့် ဆိုနိုင်မည်ဖြစ်သည်။ သို့တိုင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ အပိုင်းတွင် ရှင်းလင်းမှု မရှိဟုဆိုရမည်။

အနှစ်ချုပ်အားဖြင့်ဆိုလျှင် ပဋိညာဉ် အစိတ်အပိုင်း ၂ သည် လုပ်ငန်းကိစ္စများ အကောင်အထည်ဖော်သည့်အပိုင်းဟု ဆိုရမည်ဖြစ်သည်။ NUCC ကဲ့သို့သော နိုင်ငံရေး ဦးဆောင်ကောင်စီတွင် လက်နက်ကိုင်အဖွဲ့များ၊ ပါတီများ၊ အရပ်ဘက်အဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည် ဆိုသည့်တိုင် CRPH နှင့် NUG ၏ အဓိက ဦးဆောင်သူများသည် NLD ပါတီဝင်အများစုဖြစ်သည်ကို တွေ့ရသည်။ ထို့အပြင် CRPH ကိုယ်၌သည် NUCC ၏ အစုအဖွဲ့တစ်ခုဖြစ်သလိုပင် NUCC ၏ သက်ဆိုင်ရာ ကော်မတီများတွင် NUG သည်တိုက်ရိုက်ပါဝင်နေခြင်းဖြစ်သည်။ အစိတ်အပိုင်း ၂ ၏ အခြေခံဖွဲ့စည်းမှုတွင် ၂၀၂၀ ရွေးကောက်ပွဲ အနိုင်ရပါတီ သို့မဟုတ် ကိုယ်စားလှယ်များ၏ တရားဝင်ဖြစ်မှုကို ဆက်လက် အထိုင်ချထားသည့် အခြေခံများလွှမ်းမိုးသည်ဖြစ်ရာ ၎င်းကြောင့်ပင် နိုင်ငံရေး အငြင်းအခုံများ ပိုမို ကျယ်ပြန့်လာခဲ့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဆိုလျှင် အသွင်ကူးပြောင်းမှုကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးကိစ္စတွင် အထက်ပါ အငြင်းပွားမှုကို မြင့်တွေ့ရသည်။ ပဋိညာဉ်အပိုင်း ၂ အခန်း ၉ အပိုဒ် အပိုဒ် ၅၄ အရ လုပ်ငန်းအဖွဲ့ဖွဲ့စည်းပြီး ၎င်းမှ တစ်ဆင့် NUCC ၏ ကနဦး အတည်ပြုချက်နှင့်အတူ ပြည်သူ့ညီလာခံတွင် အတည်ပြုရမည် ဟုဆိုသည်။ အခန်း ၂ အပိုဒ် ၁၁ တွင်လည်း ပြည်သူ့ညီလာခံ အပိုင်းတွင်လည်း အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအတည်ပြုရေးဆိုသည့်အချက်ကို ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။

[41] အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၁၅

သို့တိုင် CRPH နှင့် NLD ဗဟိုအနေဖြင့် ကြားကာလ အစီအမံဖြစ်သည့် အတွက် အခန်း ၅ အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်လိုအပ်သည်ဟုဆိုကြသည်။ ၎င်းသည် NUCC, CRPH, ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့ညီလာခံကြား အဆုံးအဖြတ်ဆိုင်ရာ အငြင်းပွားစရာ ယန္တယားကို မီးမောင်းထိုးပြခြင်းဖြစ်သလို တစ်ဖက်တွင် အထက်တွင် တင်ပြခဲ့သည့် ၂၀၂၀ ရွေးကောက်ခံ အဖွဲ့များ (တစ်နည်း NLD ပါတီ) ၏ လွှမ်းမိုးမှုဆိုင်ရာ အငြင်းအပွားဟုဆိုရမည်ဖြစ်သည်။ အချုပ်ဆိုရလျှင် အစိတ်အပိုင်း ၂သည် ပိုမိုကျယ်ပြန့်သည့် အမျိုးသားတန်းတူညီမျှရေးအား ပုံဖော်နိုင်သည့်အခင်းအကျင်းဟု ခေါ်ဆိုနိုင်သည့် NUCC ပေါ်လာသည့်တိုင် လုပ်ငန်းပိုင်း၊ လုပ်ငန်းစဉ်ပိုင်း၊ ကိုယ်စားပြုမှု၊ ဆုံးဖြတ်ချက်ချမှတ်ရေးအပိုင်းတွင်မှ အကန့်အသတ်များစွာ ရှိနေသည်ဟုဆိုရမည်ဖြစ်သည်။

## ၁.၆ အမျိုးသားတန်းတူညီမျှရေးနှင့် မြန်မာ့အခင်းအကျင်း

အမျိုးသားတန်းတူညီမျှရေးသည် မြန်မာနိုင်ငံရေးအခင်းအကျင်းတွင် ချန်လှပ်ထားခဲ့ မရသော အစိတ်အပိုင်းဖြစ်ပြီး အမျိုးသားတန်းတူညီမျှရေးဟုဆိုရာတွင် ထိုစကားရပ်၏ အနက် ကိုပင် မြန်မာနှင့် ဆီလျော်သည့် အဓိပ္ပါယ်ဖွင့်ဆိုရန်နက်နက်ရှိုင်းရှိုင်းလိုအပ်ပါသည်။

"အမျိုးသား"ဟူသည့်စကားရပ်နှင့်ပက်သက်ပြီး၍ "ရှေးရိုးမူလကတည်းကပင် ထိုသူ၏ သွေးသားနှင့်တိုင်းရင်းနေထိုင်မှု(indigenous) အပေါ်အခြေခံသည့် အယူအဆများဖြင့် စတင်ပေါက်ဖွား ခဲ့ခြင်းဖြစ်သည်။လူမျိုးများ တနည်းအားဖြင့် (အမျိုးသား)တွေက အလွန်ရှေးကျပြီးနက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည့်ယုံကြည်ချက်မှဆင်းသက်ခြင်းဖြစ်သည်။

"ဓလေ့ထုံးတမ်းတွေကို ဝေမျှကြတဲ့အနေအထားတွေရှိမယ်..အဲ့ဒါနဲ့ စပ်ဆက် ပြီးတော့သူက ဒီမျိုးနွယ်ဝန်းကျင်မှာ မွေးဖွားလို့ရှိရင် အဲ့ဒီမွေးဖွားတဲ့ လူသစ်ကလေးကပေါ့နော် ဒီမျိုးကဖြစ်တယ် ဆိုပြီးတော့မှ အမျိုးသားကိုထပ်ပြီး တော့မှ မျိုးဆက်အပေါ်မှာ သယ်ဆောင် တဲ့ ဇီဝဗေဒအခြေခံ တဲ့သဘောမျိုးမှ အခြေခံပါတယ်" ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ကိုကျော်စွာဆွေ မှ ဆိုပါသည် (ကိုကျော်စွာဆွေ ၊ဖက်ဒရယ်အရေးလေ့လာသုံးသပ်သူ၊ အင်တာဗျူးမှကောက်နုတ်ချက်၊ ၃ အောက်တို ဘာ ၂၀၂၃ ခုနှစ်)။

ထို”အမျိုးသား”ဟူသည့်စကားရပ်နှင့်”တန်းတူရေး” ဟူသောစကားရပ် ကိုပေါင်းစပ်ရာတွင် မည်ကဲ့သို့ သော တန်းတူညီမျှရေးကိုမြန်မာနိုင်ငံအတွက် အခြေတည်စဉ်းစားအပ်သနည်းဟူသည့် မေးခွန်း ပေါ်လာပါ သည်။

တန်တူရေးဟုဆိုရာတွင် နိုင်ငံလုံးဆိုင်ရာ(ပြည်ထောင်စု)အဆင့် တစ်ခုအနေဖြင့်စဉ်းစား မည်ဆိုလျှင် အဖွဲ့ဝင် ပြည်နယ်များ၏ တန်းတူရေးဖြစ်သည်ဟုဆိုနိုင်ပြီးအဖွဲ့ဝင် ပြည်နယ်ကြီးကြီး သေးသေး အဖွဲ့ဝင် ပြည်နယ် တစ်ခုအဖြစ် သတ်မှတ်ပြီဆိုလျှင် ထိုပြည်နယ်(ယူနစ်)၏ နယ်နမိတ်၊ လူမှုရေးအစရှိသဖြင့် ကိစ္စကြီးသေး ကိုမဆို တန်းတူညီမျှရေး အာမခံချက်များ ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့နိုင်ငံတစ်ခုလုံး သို့မဟုတ် ယူနစ်တစ်ခုလုံး တွင် နေထိုင်သည့် လူများနှင့် ယင်းတို့၏ဝိသေသ လက္ခဏာကို ကြည့်လျှင်လူမျိုးတန်းတူရေး ဆိုသည့်အချက်က အဓိက ကြည့်ရှုရမည့်အချက် အဖြစ်ပါလာ ပြီး ထိုထက်ပင် ကျော်လွန်၍လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေး တန်းတူညီမျှမှု ဆိုသည့်အဆင့် အထိထည့်သွင်းရမည်ဖြစ်သည် (စိုင်းကျော်ညွန့် ,တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ အင်တာဗျူးကောက်နုတ်ချက်၊၂၂ စက်တင်ဘာ ၂၀၂၃ ခုနှစ်) ။

"ကရင်တစ်ကျပ် ဗမာတစ်ကျပ် ဆိုတာမျိုးရှိတယ်။ ကျွန်တော်ရှုထောင့်အမြင်နဲ့ ဆိုရင် အမျိုးသားတန်းတူရေးဆိုတဲ့ သဘောတရား က အဲ့ဒီအချိန်မှာစခဲ့တယ်လို့ ပြောလို့ရတယ်၊ ဆိုတော့ တစ်ခြားတိုင်းပြည်တွေမှာ တခြားနေရာတွေမှာတော့ ပုံစံတွေက တူချင်မှ တူမယ် အမျိုးသားတန်းတူ ရေးလို့ပြောလို့ ရှိ ရင် မြန်မာပြည်မှာတော့ ကျွန်တော်တို့ အမျိုးသား တန်းတူရေးလို့ဆိုလိုက်တာနဲ့

လူမျိုးတွေကို ပထမဦးဆုံး ရည်ညွှန်းတာလို့ ကျွန်တော်တို့ပြောလို့ ရပါတယ်" ဟု သံလွင်ပြည်သူ့မူဝါဒရေးရာအင်စတီကျု တည်ထောင်သူ ဒါရိုက်တာ ဆရာစောကပီးမှ ဆိုပါသည် (Salween Institute တည်ထောင်သူ ဆရာစောကပီးနှင့် အင်တာဗျူး ကောက်နုတ်ချက် ၊၄ အောက်တိုဘာ ၂၀၂၃ ခုနှစ်)။

အမျိုးသား တန်းတူရေးကို ယေဘုယျဆိုရလျှင် ပြည်နယ်ယူနစ်တွေပေးခြင်းအား ဖြင့် အမျိုးသား တွေရဲ့ တည်ရှိမှုကို နိုင်ငံရေးအရ တန်းတူညီမျှမှုစွာ သက်သေပြတဲ့ အခြေအနေမျိုးနဲ့ ဖန်တီးလို့ရတဲ့ အခြေအနေဖြစ်သည်။ တစ်နည်းအားဖြင့် အထက်လွှတ်တော်(လူမျိုးစုလွှတ်တော်) နှင့် ပြည်သူ့ လွှတ်တော် အစရှိသဖြင့် အချိုးညီနည်းဖြင့် သော်လည်းကောင်းအချိုးမညီစနစ်ဖြင့် အချိုးကျစွာ အနည်းအများ ပေါ်မူတည်ပြီးတန်းတူရေးထက် တန်းတူရှိကြောင်းအသိအမှတ်ပြု ရေးကိုဦးတည်သည့် မတူညီတဲ့ပုံစံ အလိုက်သော်လည်းကောင်း အမျိုးသားတန်းတူရေးကို မြန်မာနိုင်ငံ အတွက်အခြေတည် စဉ်းစားနိုင်သည်။ ဖက်ဒရယ် ပဋိဉာဉ်ကောင်စီ ကဲ့သို့ ပြည်ထောင်စုလက္ခဏာများ အား ကာကွယ်ပေးရန် အခွင့်အရေးတွေကို ဖက်ဒရယ်ယူနစ်များနှင့် အစုအဖွဲ့များကို အမှန်တကယ် ကာကွယ်ပေးခံရမှုရှိမရှိ စောင့်ကြည့်လေ့လာရေး (monitoring) လုပ်သည့် ကောင်စီ တစ်ခုလိုအပ်မည် ဖြစ်ပြီး ထိုကောင်စီမှ တစ်ဆင့်အမျိုးသားတန်းတူရေး သိအမှတ်ပြုပြီး တန်းတူအခွင့်အရေးအကာအကွယ် စသည့်အစီအမံများ ချမှတ်ရမည်ဖြစ်သည်။ အမျိုးသား တန်းတူညီမျှရေးကို နယ်နမိတ်အားဖြင့်လည်းကောင်း အစုအဖွဲ့အလိုက်လည်းကောင်း ကာကွယ်ကြရမည် ဖြစ်ပြီး လူ့အခွင့်အရေးကို တစ်ဆက်တည်း ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အကာအကွယ်ပေး မြှင့်တင်ရမည် ဖြစ်သည် (ကိုကျော်စွာဆွေ၊ ဖက်ဒရယ်အရေး လေ့လာသုံးသပ်သူ၊ အင်တာဗျူး မှကောက် နုတ်ချက် ၊၃ အောက်တိုဘာ ၂၀၂၃ ခုနှစ်)။ ထို့အပြင်ဖက်ဒရယ် ယူနစ်တစ်ခု အတွင်းတွင်လည်း မတူသော လူမျိုးစုများ အပြန်အလှန်မှီတင်းနေထိုင်ကြလျှင် ထိုလူမျိုးစု တွေကြားတွင်လည်း အမျိုးသား တန်းတူရေးတွေရှိရန် အခြေခံလိုအပ်ချက်အဖြစ် စဉ်းစားရမည်ဖြစ်သည် (Salween Institute တည်ထောင်သူ ဆရာစောကပီး နှင့်အင်တာဗျူးကောက်နုတ်ချက် ၊၄ အောက်တိုဘာ ၂၀၂၃ ခုနှစ်)။

လူမျိုးရေးတန်းတူညီမျှရေးအဖြစ် ထားရှိအပ်သော အခြေခံမှုများတွင် နယ်မြေခွဲဝေမှုသည် အခရာက သည့် စဥ်းစားချက်ဖြစ်သင့်ပြီး မြန်မာနိုင်ငံတွင် နယ်မြေခွဲဝေမှုမှ တဆင့်ခေတ်အဆက်ဆက် စစ်အစိုးရများက လူမျိုးရေးတန်းတူညီမျှမှုကို တဖြည်းဖြည်းခြင်း ပုံဖျက်ခဲ့ပြီး အတင်းအကျပ် သွင်းခဲ့သည် များရှိခဲ့ပါသည်။ လူမျိုးအခြေပြု နယ်နမိတ်သတ်မှတ်မှု နှင့် လူမျိုးပထဝီအနေအထားအရော နယ်နမိတ် သတ်မှတ်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုဖြစ်လာသော်လည်း လူမျိုးစုများကြားတွင် တန်းတူအခွင့်အရေး အတွက်သမိုင်းတလျှောက် ကာယိကဝေဒနာ (trauma)ခံစားခဲ့ရပြီး လူဦးရေများ သည့်လူမျိုးစုများက လူဦးနည်းသည့် လူမျိုးစုများကိုဖိနှိပ်ချုပ်ချယ်မှု များလာခဲ့သည့် အချိန် ကာလ တလျှောက်အတွက် နယ်မြေခွဲဝေမှုသည် သမားရိုးကျ စဥ်းစားချက်မျိုးနှင့် အလုပ်မဖြစ်နိုင်သည့် အခင်းအကျင်း ဖြစ်လာပါသည်။ (စိုင်းကျော်ညွန့်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ အင်တာဗျူးကောက်နှုတ်ချက်၊ ၂၂ စက်တင်ဘာ ၂၀၂၃ ခုနှစ်)။ ထို့ကြောင့် လူမျိုးအခြေပြုနှင့် နယ်မြေအခြေပြု ဖက်ဒရယ် ယူနစ် နယ်နမိတ်ခွဲဝေမှုတို့သည် အမျိုးသား တန်းတူ ညီမျှရေးအဖြစ်အခြေတည် စဥ်းစားလျှင် လူမျိုးစုများ၏ ကာယိကဝေဒနာ(trauma) ကို ကြေလည်အောင် ဆွေးနွေးကြရမည်ဖြစ်သည်။ ထိုဝေဒနာများထဲတွင် သယံဇာခွဲဝေရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်း ခွင့်မှ လူမှုစီးပွား မညီမျှမှုများအထိ ပါဝင်ပါသည်။ ထို့ကြောင့်ထို ကာယိကဝေဒနာ (trauma)၏ အမြစ် တွယ်ရာ လူမျိုးစု ခွဲခြားမှု (ethnocentrism) အရ လူမျိုးစု တစ်စုနှင့်တစ်စု စီနီယာ-ဂျူနီယာ(သို့မဟုတ်) ပထမတန်း ဒုတိယတန်း ပုံစံဖြင့်သဘောထားမှုများ ကိုလက်တွေ့ကျကျ ဖြောက်ဖျက်ရမည်ဖြစ်သည် (ကိုကျော်စွာဆွေ၊ ဖက်ဒရယ်အရေး လေ့လာသုံးသပ်သူ၊ အင်တာဗျူးမှကောက်နှုတ်ချက်၊၃ အောက်တိုဘာ ၂၀၂၃ ခုနှစ်)။

ထို့အပြင်အမျိုးသားတန်းတူညီမျှမှုတွင် အာဏာခွဲဝေရေးသည်လည်း ပင်မ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီး အာဏာခွဲဝေရေးနှင့်ပက်သက်၍ ပြည်ထောင်စုတွင် အာဏာ ခွဲဝေရေး ကျင့်သုံးကြသည့်အခါ ပြည်ထောင်စုကို အပ်နှင်းလေ့ရှိသည့် အခွင့်အာဏာများသည် မည်သည့်အခြေခံမှု တွေကြောင့် မည်သည့် ကိစ္စမျိုးတွေကြောင့် ဟူ၍ စဥ်းစားပြီးအပ်နှင်းရန် "ဆုံးဖြတ်မှု" များရှိရမည် ဖြစ်သည်။ ယင်းဆုံးဖြတ်ချက် များသည် ပြည်သူနှင့်အနီးဆုံးအဆင့်၊ အထိရောက်ဆုံး စွမ်းဆောင်ရည်၊ အမြင့်ဆုံး လုပ်ဆောင်နိုင်သည့်

အစိုးရအဆင့်မှ ချမှတ် သင့်သည့်ဆုံးဖြတ်ချက်များ ဖြစ်ပါသည်။ ထိုမှတဆင့် ပြည်သူနှင့်ဒုတိယ အနီးဆုံးအဆင့်ဖြစ်သည့်ဖက်ဒရယ် ယူနစ်အဆင့်တွေကို အာဏာခွဲဝေရန် စဉ်းစားရမည်ဖြစ်သည်။

သို့ဆိုလျှင် အမျိုးသားအဆင့်သာမက ပြည်သူတစ်ယောက်ချင်းစီ၏ အနီးဆုံးအဆင့်မှ အာဏာခွဲဝေခြင်း ဖြစ်၍ ပြည်သူတစ်ယောက်ချင်းစီသည်ပင်လျှင်အမျိုးသားဆိုသည့် ကိုယ်ပိုင်လက္ခဏာ (identity) တစ်ခုခုမှာ တွင်ပါဝင်နေမှာဖြစ်သည့်အတွက် အမျိုးသားတန်းတူညီမျှရေးကို လူတစ်ဦး တစ်ယောက်ချင်းစီမှတဆင့် ဖြတ်သန်းပြီးဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ဖက်ဒရယ်မူများ ချမှတ်ခြင်း၏ အနှစ်သာရကိုယ်တိုင်က တန်းတူညီမျှရေးသည် ပြည်သူများမှတဆင့်သာ အခြေတည်ဖြတ်သန်းအပ်သည်ဟူ၍ ဖြစ်သည် (ကိုကျော်စွာဆွေ၊ ဖက်ဒရယ်အရေးလေ့ လာသုံးသပ်သူ၊ အင်တာဗျူးမှကောက်နှုတ်ချက်၊ ၃ အောက်တိုဘာ ၂၀၂၃ ခုနှစ်)။ ထိုကဲ့သို့အခြေတည်စဉ်းစားမှုများသည် လူနည်းစု အတွင်းမှ လူနည်းစု (Double Minority) များ၏ ဖက်ဒရယ် ယူနစ်အတွင်းမှ အမျိုးသား တန်းတူညီမျှရေးကိုပါ ခြုံငုံစွာ ဆောင်ကျဉ်းနိုင်မည်ဖြစ်သည်။ထိုမှ တဆင့်မဲဆန္ဒနယ် သတ်မှတ်ခြင်း၊ရွေးကောက်ပွဲများအား အချိုးကျ စနစ်(PR)နိုင်သူအကုန်ယူ (FPTP) ရောနှော စနစ် အစရှိသဖြင့်ရွေးကောက်ပွဲစနစ်များ ဆွေးနွေးခြင်း နှင့် လွှတ်တော်များထားရှိမှုတို့ကို သုံးသပ်ရ မည်ဖြစ်သည်။

အမျိုးသားတန်းတူညီမျှရေးအတွက် လက်တွေ့ကျသည့် အခြေခံမူများကို ထည့်သွင်းစဉ်းစားရာတွင် မတူကွဲပြားမှု သဟဇာတဖြစ်ရေးမူ (Diversity Policy) ကိုပါ သတ်မှတ် ရေးဆွဲရန်ဖြစ်သည်။

> "အဲ့လို Diversity policy တစ်ခုကို နိုင်ငံရဲ့အကြီးအကဲ ..နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရား၊ နိုင်ငံရဲ့လုံခြုံရေးယန္တရားတွေမှာပါ ကျွန်တော်တို့ကမျှနိုင်သမျှ မတူစုံလင်ကွဲပြားမှုကို လက်ခံပြီး တော့မှ လုပ်ကိုင်တယ်ဆိုလို့ရှိရင် အမျိုးသားတန်းတူရေးဆိုတာကို သက်ဆိုင်ရာ ဖက်ဒရယ် ယူနစ်တွေကြားရော၊ပြည်ထောင်စုအဆင့်ရော၊ အကောင်အထည် ဖော်လာ နိုင်ပါတယ်"ဟု သံလွင်ပြည်သူ့မူဝါဒရေးရာအင်စတီကျူ့ တည်ထောင်သူ ဒါရိုက်တာ ဆရာ စောကပီးမှ

ဆိုပါသည်(salwen Institute Director ဆရာစောကပီး နှင့်အင်တာဗျူး ကောက်နုတ်ချက် ၊၄ အောက်တိုဘာ ၂၀၂၃ ခုနှစ်)

အမျိုးသားတန်းတူညီမျှရေး ဟုဆိုလာလျှင် မူဝါဒချမှတ်သူများ အကြားကြေလည်သည့် သဘောတူညီမှုဖြင့် အနှစ်သာရ အရ ညီညွတ်သည့် သဘောထားရှိရန်အရေးကြီးပါသည်။ တန်းတူရေး ဟူသည့် စကားရပ်ကို မီးမောင်းထိုး ရခြင်းသည်ကိုက မြန်မာနိုင်ငံအတွက်ကြီးမားသည့် မမျှတမှု ပြသနာနှင့် ရင်ဆိုင်နေရသည်မှာ ထင်ရှားပါသည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ပါတီမှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ -UPDJC အတွင်းရေးမှူး အဖွဲ့ဝင် လည်းဖြစ်သည့် စိုင်းကျော်ညွန့် မှ

> "ကျွန်တော်တို့နိုင်ငံရေးကို လူမျိုးရေးတန်းတူညီမျှမှုနဲ့ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်ဖို့ဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်ရင် အဖြေဖြစ်မလဲစဉ်းစားဆုံးဖြတ်ဖို့လိုတယ်။ ဒီအချိန်တွေ တောင်မှ အဲ့လုပ်ပိုင်ခွင့်တွေက ကိုယ်လက်ထဲ မရှိနေသေးဘူးဆိုရင် အဲ့တော့အရင်ဆုံး စဉ်းစားရမှာက အဲ့လုပ်ပိုင်ခွင့်တွေကို ကိုယ်လက်ထဲ ဘယ်လိုရောက်အောင် အရင်ဆုံး ဘယ်လိုလုပ်မလဲပြီးမှ အဲ့လုပ်ပိုင်ခွင့်ကို ဘယ်လို အသုံးပြုမလဲ။ ပြီးမှ နောက်တစ် ပိုင်းသွားရမှာဖြစ်ပါတယ်" ဟူ၍ ဆိုပါသည် (စိုင်းကျော်ညွန့်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်(SNLD)ပါတီမှအင်တာဗျူး ကောက်နုတ် ချက်၊၂၂ စက်တင်ဘာ ၂၀၂၃ ခုနှစ်)။

ထို့ကြောင့် အမျိုးသားတန်းတူညီမျှရေးသည် ယုံကြည်မှုမှ မြစ်ဖျားခံပြီး လုပ်ရပ်နှင့် အာမခံမှု၊ အပြန်အလှန် စောင့်ထိန်းလိုက်နာမှု တို့ဖြင့်သာ တည်တံ့မည်ဖြစ်သည်။ ထို့အပြင် လက်တွေ့ကျမှုဖြင့်သာ ထိုကိစ္စရပ်များ ကိုဆုံးဖြတ်နိုင်လိမ့်မည်။ ဆုံးဖြတ်ပိုင်ခွင့်မရှိသည့် ကာလအတွင်း ဆုံးဖြတ်ပိုင်ခွင့် မရှိသေးသူများ၏ ကတိ ကဝတ်များသည် အချိန်းမရွေးပျောက်ကွယ် နိုင်သည့်မတည်တံ့သော သဘောတူညီမှုများမျှသာ ဖြစ်နိုင်ပါ သည်။

## ၁.၇ နိဂုံး

အမျိုးသားတန်းတူညီမျှရေးသည် ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးလျှင် အဓိက အကျဆုံး အကြောင်းအရာများထဲမှ တစ်ခုဖြစ်သည်။ လူမျိုး၊ ဘာသာ စုံလင်ကွဲပြားသော၊ ပဋိပက္ခသမိုင်းကြောင်း ရှိသော၊ လူမှုတရားမျှတမှုဖေါ်ဆောင်ရန် ပျက်ကွက်ပြီး လူမျိုးရေး ဘာသာရေးအရ ခွဲခြားဆက်ဆံမှုများ ရှိနေသော/ ရှိခဲ့သော နိုင်ငံများတွင် ဤကိစ္စကို ကျယ်ပြန့် ပွင့်လင်းစွာ ဆွေးနွေးကြရန် ပို၍ပင် အရေးကြီးသည်။ အထက်တွင်ဖတ်ရှုခဲ့ရသည့် အတိုင်း အမျိုးသားတန်းတူညီမျှရေးမှာ သက်တသဘော ဆောင်သည့် သဘောတရားသက်သက်မဟုတ်ပဲ နိုင်ငံဖွဲ့စည်းလည်ပတ်မှု နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်များကို ကြီးစွာသော လွှမ်းမိုးမှုရှိနိုင်သည်။ မြန်မာနိုင်ငံတွင်လည်း ယနေ့ခေတ် စစ်အာဏာရှင်တော်လှန်ရေးမှ ပေါ်ပေါက်လာခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင်လည်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့မှာ ပြည်ထောင်စု စံတန်ဖိုးတစ်ခုအနေဖြင့် အခိုင်အမာ ပြဋ္ဌာန်း ထားသည်။

ပြည်ထောင်စု (ဖက်ဒရယ်) အဆင့်နှင့် ပြည်နယ် အဆင့်များအကြား အာဏာခွဲဝေမှု၊ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) ဖွဲ့စည်းပုံနှင့် အာဏာ၊ ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရွေးကောက်ပွဲစနစ် စသည့် ခေါင်းစဉ်များမှာ အမျိုးသားတန်းတူညီမျှရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် ဖွဲ့စည်းပုံအခြေခံရေးဆွဲရေးဆိုင်ရာ အကြောင်းအရာများထဲမှာ အချို့သာ ဖြစ်သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာသည် မည်သည်အလွှာများတွင် တည်ရှိသနည်း (သို့မဟုတ်) အမျိုးသားတန်းတူညီမျှရေးဟု ဆိုလိုက်လျှင် မည်သူများက အမျိုးသားဖြစ်သနည်း (သို့မဟုတ်) မည်သူတို့အကြားမှ တန်းတူညီမျှရေးဖြစ်သနည်း ဆိုသည့် မေးခွန်းတို့မှာ အမျိုးသားတန်းတူညီမျှရေးကို အကောင်အထည်ဖေါ်မှုအပေါ် များစွာလွှမ်းမိုးနိုင်သည်။

အီသီယိုးပီးယားနိုင်ငံ ဥပမာမှ NNP (အမျိုးသားပြည်ထောင်များ၊ အမျိုးသားများနှင့် ပြည်သူများ) အလွှာများထားရှိသကဲ့သို့ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း ၁ အခန်း ၄ မှ 'ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားတန်းတူရေး

ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းမှ ပြည်သူများသည် အချုပ်အခြာ အာဏာ၏ မူရင်းပိုင်ရှင်များဖြစ်သည်' ဟူသည့် ပြဋ္ဌာန်းချက်များမှ အမျိုးသားတန်းတူရေးကို အကောင်အထည် ဖော်ရာတွင် အရေးကြီးသည့် ပြဋ္ဌာန်းချက်များဖြစ်သည်။ ဤမှတစ်ဆင့် ပြည်နယ်များကို မည်သို့ ဖွဲ့စည်းကြမည်နည်း၊ ဗမာတိုင်းရင်းသားလူနည်းစုနှင့် အခြားတိုင်းရင်းသား လူမျိုးစုများအကြား တန်းတူညီမျှမှုကို သေချာစေရန် မည်သို့ စီမံမည်နည်း၊ ပြည်နယ်တစ်ခုချင်းစီအတွင်းမှ လူနည်းစုလူမျိုးများ၏ အခွင့်အရေးများကို မည်သို့ အကာအကွယ်ပေးမည်နည်းဆိုသည့် မေးခွန်းများမှာလည်း အကွဲရာကျသည်။

ဆယ်စုနှစ် မြောက်များစွာကြာမြင့်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခမှာ လူမျိုးစုကို အခြေခံသလို၊ သံလွင်အင်စတီကျူမှ ဆရာစောကပီးမှလည်း 'ကရင်တစ်ကျပ် ဗမာတစ်ကျပ်' ဆိုသည့်စကား စတင်ချိန်မှစ၍ အမျိုးသားတန်းတူညီရေးဟုဆိုလျှင် မြန်မာနိုင်ငံတွင် လူမျိုးစုများအကြားမှ တန်းတူရေးကိုသာ မြင်ကြသည်ဆိုသည်။ ဤသို့လျှင် လူမျိုးစုများအကြား တန်းကတူညီမျှမှုကို အကောင်အထည်ဖော်ရန် ဦးတည်သည့် ပြည်နယ်ဖွဲ့စည်းမှုကို လိုအပ် မလိုအပ်နှင့် ၊ အခြားအစားထိုး (သို့မဟုတ်) ဤအစီအမံကို ဝန်းရံနိုင်မည့် (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရွေးကောက်ပွဲစနစ်၊ လူမျိုးရေးဘာသာရေးခွဲခြားမှု ကုစားတိုက်ဖျက်ရေး အစီအစဉ် (Affirmative Action Programme) များ၊ သယံဇာတစီမံခန့်ခွဲမှုများ ဆိုင်ရာ) အခြား မူဝါဒအစီအရင်များမှာလည်း စဉ်းစားရမည့် ကိစ္စများဖြစ်သည်။

အမျိုးသားတန်းတူရေးကို အာမခံနိုင်သည့် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုကို ဒီဇိုင်းဆွဲကြပြီဆိုလျှင် အထက်တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ တစ်ခုနှင့် တစ်ခု အပြန်အလှန် မှီခိုနေကြသည် ဖြစ်သည်။ (ဥပမာ - အထက်လွှတ်တော်၏ အာဏာနှင့် ပြည်ထောင်စုအတွင်း ပြည်နယ်များ ဖွဲ့စည်းထားပုံ) ၎င်းမေးခွန်းများအတွက် အဖြေမှာလည်း ရှင်းလင်းစွာ ရှိမနေသလို အရေးအကြီးဆုံး မေးခွန်းများအတွက် ရှုထောင့်မတူသည့် ဆန့်ကျင်ဘက် အဖြေများလည်း ရှိနေသည်။ ပြည်ထောင်စု (ဖက်ဒရယ်) အဆင့်တွင် စဉ်းစားကြရမည့် ကိစ္စများ ရှိသလို ပြည်နယ်တွင်း လူမျိုးစုလူမျိုးများ၏ နိုင်ငံရေး ကိုယ်စားပြုမှု နှင့်

ဘာသာစကား အခွင့်အရေးများ ကဲ့သို့သော ပြည်နယ်အဆင့်တွင် ဆွေးနွေးကြရမည့် ကိစ္စများလည်း ရှိပါသည်။

သမိုင်းတွင် ပြန်ကြည့်ပါက အဆင်ပြေသလို ပြန်လည်ကိုကား အသုံးပြုနိုင်သည့် မူများ၊ ဖွဲ့စည်းမှု ဒီဇိုင်းအဆိုပြုမှုများ၊ အမျိုးသားတန်းတူရေးဆိုင်ရာ အနက်ဖွင့်မှုများနှင့် ပြဌာန်းချက်များ ရှိသလို တစ်ဖက်တွင်လည်း မည်သည့် ချဉ်းကပ်မှုများ၊ ဖွဲ့စည်းမှုများမှ အလုပ်မဖြစ်သည် ပြဿနာရှိသည်ဆိုသည့် သင်ခန်းစာများလည်း တွေ့ရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတကာတွင် အလုပ်ဖြစ်သည့် (သို့မဟုတ်) စောင့်ကြည့်ရမည် ဥပမာ ပုံစံများရှိသလို မိမိတို့ လူ့အဖွဲ့အစည်းနှင့် ကိုက်ညီသည့် ပုံစံများကို တတ်နိုင်သမျှ ဆွေးနွေး အဖြေရှာရမည် ဖြစ်သည်။ အမှန်တကယ် အသက်ဝင်နိုင်မည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ကို တည်ဆောက်ရန်နှင့် အမျိုးသားတန်းတူရေးကို အကောင်အထည်ဖော်နိုင်ရန် အကျိုးဝင်သက်ဆိုင်သူ (Stakeholder) များအားလုံး ပါဝင်နိုင်ရေးကလည်း အရေးကြီးသကဲ့သို့ ရေရှည်တည်မြဲမည့် အစီအမံများ ဖြစ်ရန်မှာ ပြည်သူလူထု ပါဝင်မှုကိုလည်း လေးနက်စွာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

## ၁.၈ အကိုးအကား


Ayele, Z. (2011). *Local government in Ethiopia: still an apparatus of control? Law, Democracy & Development*, *15*(1). 10.4314/ldd.v15i1.7

Brand, M. (2012). *"A Bird in the hand.." The Federal Pattern of Myanmar's 2008 Constitution*.

Chan, A., & Ford, B. (2021, November 3). *A New Myanmar Forum Aims to Unite Democratic Forces*. United States Institute of Peace. Retrieved October 13, 2023, from https://www.usip.org/publications/2021/11/new-myanmar-forum-aims-unite-democratic-forces

CNI. (2022). *အမျိုးသားတန်းတူရေးအတွက် ဗမာပြည်နယ်ဖွဲ့စည်းရမည်*. CNI Myanmar.

https://cnimyanmar.com/index.php/political-2/politics-local/4521-2022-02-24-08-27-51

*Constitution of the Federal Republic of Ethiopia*. (n.d.).

*Constitution of the Federal Republic of Nigeria*. (n.d.).

Crouch, M. (2020). Pre-emptive Constitution-Making: Authoritarian Constitutionalism and the Military in Myanmar. *Law & Society Review*, *54*(2), 487-515. 10.1111/lasr.12471

Egreteau, R. (May 2017). *Parliamentary Development in Myanmar*. The Asia Foundation.

Endrisinha, R. (2014). *Bingham Centre Myanmar Project: Federalism in Asia*. Bingham Centre for the Rule of Law.

Erk, J., & Anderson, L. (2009). The Paradox of Federalism: Does Self- Rule Accommodate or Exacerbate Ethnic Divisions? *Regional & Federal Studies*, *19*(2), 191-202. 10.1080/13597560902753388

Federal Journal. (2022). ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) အခြေခံ စစ်ပညာသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်. https://www.federaljournalmm.org/fj-mm6996-2/

Federal Journal. (2023). *ပြည်ထောင်စု တန်းတူ အခွင့်အရေးကျင့်သုံးဖို့ ဖက်ဒရယ်ယူနစ် ဗမာပြည်နယ် ပေါ်ပေါက်ဖို့လိုတယ်လို့ KIO ဉက္ကဋ္ဌ ပြော*. Federal Journal Myanmar. Retrieved October 13, 2023, from https://www.federaljournalmm.org/fj-mm-12306-2/

Federal Paper. (2021, Oct 30). *“ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်ထောင်စုနှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အာဏာခွဲဝေခြင်း (Division of power)* (Vol. ဖက်ဒရယ်စာစောင် အတွဲ(၁)၊ အမှတ်(၅)). ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ.

Gebeye, B. A. (2023). The Four Faces of Ethiopian Federalism. *Faculty of Laws University College London Law Research Paper No. 04/2023*. 10.2139/ssrn.4392205

IDEA. (2022). *Maynmar's Federal Democracy Charter: Analysis and Prospects*. International Institute for Democracy and Electoral Assistance (International IDEA). DOI: 10.31752/idea.2022.27

International Crisis Group. (2017). *Building Critical Mass for Peace in Myanmar* (Vol. Crisis Group Asia Report N°287). International Crisis Group. https://icg-prod.s3.amazonaws.com/287-building-critical-mass-for-peace-in-myanmar.pdf

Khaing, H. (2018). *ဗိုလ်ချုပ်ရုပ်တု ထူထောင်ဖို့ထက် ကတိကဝတ်များ ဖော်ဆောင်ပေးဖို့ လိုလားကြ*. Frontier Myanmar. Retrieved 2023, from https://www.frontiermyanmar.net/mm/ဗိုလ်ချုပ်ရုပ်တု-ထူထောc/

KIO Proposal. (2007, Mid July). *KIO Proposal*. The Statement issued by the Central Committee of the Kachin Independence Organization.

KPSN. (2008, July). *ရှေ့ဆက်ရန်မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး မြေယာကဏ္ဍ ဆွေးနွေးမှုမှ ချည်းကပ်လေ့လာခြင်း*. ကရင်ငြိမ်းချမ်းရေးအထောက်အကူပြု ကွန်ယက် (Karen Peace Support Network - KPSN).

Lijphart, A. (2004). Constitutional design for divided societies. Journal of Democracy. *Journal of Democracy*, *15*(2), 96-109. 10.1353/jod.2004.0029

Marko Ban, K. (2018). *ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပင်လုံသစ္စာ*. ISP Myanmar Peace Desk. https://ispmyanmarpeacedesk.com/article/ပြည်ထောင်စု-မြန်မာနိုင်/

Myanmar Now. (2020, Augsut 18). ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ထည့်သွင်းပေးရန် ချင်းအမျိုးသားတပ်ဦးတောင်းဆို. *Myanmar Now*. https://myanmar-now.org/mm/news/4276/

Myanmar Peace Monitor. (2018). *တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်ကို အစိုးရဘက်ကရှောင်လွှဲနေဟု နိုင်ဟံသာပြော*. Myanmar Peace Monitor. Retrieved 2023, from https://mmpeacemonitor.org/243/တန်းတူရေးနှင့်ကိုယ်ပို/

Negash, T. (1997). *Eritrea and Ethiopia: The Federal Experience*. Transaction Publishers.

Nixon, Hamish, Cindy Joelene, KYI PYAR CHIT SAW, THET AUNG LYNN, & ARNOLD, M. (2013). *STATE AND REGION GOVERNMENTS IN MYANMAR* (Vol. POLICY DIALOGUE BRIEF SERIES NO. 1). The Asia Foundation and Myanmar Development Research Institute – Centre for Economic and Social Development.

Noel, T. (2022). *Second Chambers in Federal Systems*. International Institute for Democracy and Electoral Assistance (International IDEA). DOI: 10.31752/idea.2022.63

Sakhong, L. H. (1999). *ဒီမိုကရေစီရေး နှင့် တန်းတူရေးတိုက်ပွဲကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ သမိုင်းဝင်မှတ်တမ်းများ.*

Sakhong, L. H. (2003). *ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့* (Vol. Series No. 5). UNLD Press, Chaingmai, Thailand.

Sakhong, L. H. (2015). *ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များ.*

Sakhong, L. H. (2019). *စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုမှတ်တမ်း [FCDCC]*. CDES.

Siegner, M. (2019). *In Search of Panglong Spirit: the Role of Federalism in Myanmar's Peace Discourse*. Hanns Seidal Foundation Yangon.

*The 2007 Population and Housing Census of Ehtiopia*. (n.d.).

The Irrawaddy. (2021). *Shadow Government Outlines Federal Union Plan for Myanmar's Future*. The Irrawaddy. Retrieved October 13, 2023, from

https://www.irrawaddy.com/news/burma/shadow-government-outlines-federal-union-plan-myanmars-future.html

TNI. (2017, September 21). *Beyond Panglong: Myanmar's National Peace and Reform Dilemma* (Vol. MYANMAR POLICY BRIEFING). TRANSNATIONAL INSTITUTE (TNI). https://www.tni.org/files/publication-downloads/beyond_panglong.pdf

Turton, D. (2006). *Ethnic Federalism: The Ethiopian Experience in Comparative Perspective*.

Walton, M. J. (2013). The "Wages of Burman-ness:" Ethnicity and Burman Privilege in Contemporary Myanmar. *Journal of Contemporary Asia*, *43*(1), 1-27. 10.1080/00472336.2012.730892

Watt, R. L. (199s). *Comparing Federal Systems in the 1990*. Institute of Intergovernmental Relations, Queen's University Kingston.

သျှမ်းသံတော်ဆင့်. (2020, August 25). ၂၁ ပင်လုံ တွင် "ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ" ကိစ္စ ဆွေးနွေးမှု မပြီးခဲ့. *သျှမ်းသံတော်ဆင့်*. https://burmese.shannews.org/archives/18107

*ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်*. (2022).

ကိုတေဇာဆန်း. (2022). *ဗမာပြည်နယ်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး ဒေါက်တာတေဇာစန်းရဲ့ သဘောထား*. The 74 Media. Retrieved 2023, from https://web.facebook.com/watch/?v=286464183527740

*ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ*. (၂၀၀၈ ခုနှစ်).